မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၂)
အမှတ် (၂၀၁)

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

၂၀၁၃ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန် မာ နိုင် ငံ တောင်ပိုင်းစွန်းဒေသများတွင် မိုးထစ်ချုန်းရွာမည်။

ထစ်ချုန်းမိုး

၂၄-၄-၂၀၁၃

နေ ပြည် တော် နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတကာပငြိမ်းချမ်းရေးအဖွဲ့ ကပေးအပ်သည့် ငြိမ်းချမ်းရေးဆုလက်ခံရရှိ

သတင်း ➤ စာမျက်နှာ-၈

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလို ဘမ်ဘန်း ယုဒိုယိုနို ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

၁၉၄၉ ခုနှစ်မှစတင်ခဲ့သည့် မိမိတို့နှစ်နိုင်ငံ၏ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာအောင်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလို ဘမ်ဘန်း ယုဒိုယိုနိုဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ညနေ ၅ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်၌တွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ၁၉၄၉ ခုနှစ်မှစတင်ခဲ့သည့် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်လိုပါကြောင်း၊ ၂၀၁၂ ခုနှစ် မေလတွင်သွားရောက်ခဲ့သည့် မိမိ၏ အင်ဒိုနီးရှားနိုင်ငံခရီးစဉ်တွင် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုပမာဏကို အမေရိကန်ဒေါ်လာ သန်း၅၀၀ ထိတိုးမြှင့်ရန် သဘောတူခဲ့ကြောင်း၊ ယခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှု ပမာဏမှာ ဒေါ်လာသန်း ၄၇၀ ရှိနေပြီဖြစ်၍ ပိုမိုတိုးတက်အောင်ဆောင်ရွက်လိုပါကြောင်း။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ စာရင်းများအရ မြန်မာနိုင်ငံတွင် အင်ဒိုနီးရှားကုမ္ပဏီ (၁၂)ခုမှ အမေရိကန်ဒေါ်လာ ၂၄၁ သန်း ရင်းနှီးမြှုပ်နှံခဲ့သည်ဟု သိရှိရကြောင်း၊ အနာဂတ်တွင် ပိုမိုရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများရှိနေပြီဖြစ်ကြောင်း။

နှစ်နိုင်ငံအကြားတွင် ခရီးသွားလုပ်ငန်း၊ ပို့ဆောင်ရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေး၊ စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍများ၌ ပိုမိုပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ နည်းပညာကဏ္ဍမြှင့်တင်နိုင်ရေးတွင် ပညာသင်ဆုများပေးအပ်ခြင်း၊ နှစ်နိုင်ငံအပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံ သမ္မတက မိမိအနေဖြင့် ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ရောက်ရှိခဲ့ကြောင်း၊ ယခုဒုတိယအကြိမ်လာရောက်ချိန်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးကဏ္ဍ၊ တည်ငြိမ်အေးချမ်းမှု ဖော်ဆောင်ရေးကဏ္ဍနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍများတွင် ထင်ရှားသည့် အောင်မြင်မှုများကို တွေ့ရှိရသဖြင့် များစွာချီးကျူးဂုဏ်ပြုပါကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ ❐

"အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထောက်ခံအားပေးသကဲ့သို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်"

မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ အီးယူရုပ်သိမ်းကြောင်း ထုတ်ပြန်

သတင်းစာမျက်နှာ ➤ ၃

ဥရောပသမဂ္ဂက ပိတ်ပင်မှုများအား ရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ဝမ်းမြောက်စွာကြိုဆို

သတင်းစာမျက်နှာ ➤ ၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စည်းကမ်းဟူသည်

လူ့ကျင့်ဝတ် လူ့စည်းကမ်းဥပဒေများကို လိုက်နာခြင်းသည် စီးပွားချမ်းသာလိုသောသူများ ထားရှိရမည့် အရည်အချင်းကောင်းတစ်ခုဖြစ်သည်။ စည်းကမ်းကို လူတိုင်းက လိုက်နာကျင့်သုံးခြင်းဖြင့် နိုင်ငံကြီးသားပီသပြီး တန်ဖိုးရှိသော လူနေမှုအဆင့်အတန်းကို ရရှိမည်ဖြစ်သည်။

ငယ်စဉ်အခါမှအစပြု၍ စည်းကမ်းကို လိုက်နာကျင့်သုံးသူသည် အခက်အခဲမရှိ၊ ဝန်ထုပ်ဝန်ပိုးမဖြစ် ကောင်းစွာနေထိုင်တတ်သည်။ ငယ်စဉ်ဘဝမှ အစပြုပြီး စည်းကမ်းလိုက်နာခြင်းသည် နိုင်ငံကြီးသားပီသသော နိုင်ငံသားဖြစ်လာမည်ဖြစ်သည်။ အစကောင်းမှ အနှောင်းသေချာ ဆိုစကားအရ ငယ်စဉ်မှ စည်းကမ်းနှင့်လိုက်နာနေထိုင်လာခဲ့သူသည် ကြီးပြင်းအရွယ်ရောက်လာသည့်အခါ မည်သည့်အရာကိုမဆို အခက်အခဲမရှိ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စည်းကမ်းကို လိုက်နာကျင့်သုံးခြင်း မရှိသူအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေပြီး တာဝန်တစ်ခု ထမ်းဆောင်နေရသည်ဟု ယူဆကြသည်။

လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် နေရာတိုင်း၌ စည်းကမ်းသတ်မှတ်ပြီးသားရှိသည်။ မိသားစုအတွင်း၌ အိမ်တွင်းစည်းကမ်းရှိသည်။ ကျောင်းတွင်ကျောင်းစည်းကမ်း၊ အလုပ်ဌာနတွင် ရုံးစည်းကမ်း၊ လမ်းတွင် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း၊ ဈေးတွင် ဈေးစည်းကမ်း၊ သင်တန်းတွင် သင်တန်းစည်းကမ်း စသည်ဖြင့် သတ်မှတ်ထားသည်။ ယင်းသတ်မှတ်စည်းကမ်းချက်များကို နေရာဌာနအလိုက် လိုက်နာကျင့်သုံးကြရသည်။ မြို့ရွာ အေးချမ်းသာယာစေရေးအတွက် မြို့ရွာစည်းကမ်းကို ပြည်သူများ လိုက်နာခြင်းဖြင့် မြို့ရွာသန့်ရှင်းလှပ စည်ပင်သာယာနေမည်ဖြစ်သည်။

ကျောင်းသားသည် ကျောင်းစည်းကမ်းအတိုင်း ကျင့်ကြံနေထိုင်သွားပါက ထူးချွန်ထက်မြက်ပြီး အခက်အခဲမရှိ အောင်ပန်းကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ လုပ်ငန်းခွင်တွင် အလုပ်ခွင်စည်းကမ်းကို လိုက်နာသူသည် ဝန်ထမ်းကောင်းတစ်ဦးဖြစ်ပြီး လုပ်ငန်းတိုးတက်အောင်မြင်၏။ လမ်းတွင် လမ်းစည်းကမ်းလိုက်နာသူသည် ယာဉ်အန္တရာယ်မှကင်းဝေး၏။ စည်းကမ်းလိုက်နာသူသည် ဘေးကင်းကွာပြီး ကောင်းကျိုးကိုသာ ရရှိသည်။

မြန်မာတို့သည် ကိုယ့်ထီးကိုယ်နန်းနှင့် အချုပ်အခြာအာဏာပိုင်သော ဘဝနှင့်နေခဲ့ကြရသည်။ တစ်ချိန်က နယ်ချဲ့တက်အောက်ကျရောက်ခဲ့ရခြင်းသည် စည်းကမ်းဖောက်၍ ထီးနန်းပျောက်ခဲ့ရခြင်းဖြစ်ကြောင်းကို အချုပ်တန်းဆရာဖေက "မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ဖြစ်ပြီ၊ မိုးငြမ်း ထောက်အသစ်မှီသည်၊ ညစ်ပလီလူမျိုး၊ မိပဲလို့ ဖရှောင်သွေသည်၊ ခွကောင်တွေ ခွေးဖြစ်ပေါ့ဗျိုး"ဟု ကဗျာစပ်ဆိုခဲ့ပေသည်။ စည်းကမ်းဖောက်၍ ရရှိခဲ့သောဆိုးကျိုးဖြစ်သည်။ တစ်ဦးတစ်ယောက်မှအစပြုပြီး ပြည်သူအားလုံးက စည်းကမ်းကို အလေးထားလိုက်နာခြင်းသည် မိမိ၏ဂုဏ်သိက္ခာကို မြှင့်ခြင်း၊ နိုင်ငံ၏ဂုဏ်ကို မြှင့်ခြင်း၊ နိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်ခြင်းတို့ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နေချိန် ပြည်သူအားလုံးသည် ကျင့်ဝတ်၊ စည်းကမ်းများကို မိမိအသိစိတ်ဓာတ်ဖြင့် အလေးထားလိုက်နာပြီး နေထိုင်သွားကြပါက သာယာဝပြောသော လူ့ဘောင်လောကကြီးဖြစ်မည်ဟု ယုံကြည်မိပါကြောင်း။ ။

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်မှတ်သင်တန်း
ဂျယ်လီ ၊ ငါးမုန့် ၊ ဆော့စ် ၊ ဆပ်ပြာသင်တန်းနှင့် အစေအကုန်ကြမ်းဆိုင်
EAC
76, ... 0973071901, 095385522
... 02-31505 | 0942174 5522, 01-215072

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ/ငွေဆောင်
Ph: 209077, 09-731 67000
209388, 09-731 68000

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph:209200,430480,544383

ရွှေခိုးစည်
AIR-CON EXPRESS
50% DISCOUNT
55000
Apr 26, May 3
373275, 708342, 0949219404

ပြည်တွင်းသတင်း

လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

မိုင်းဆတ် ဧပြီ ၂၃

ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့နယ်ခွဲတွင် ဧပြီ ၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေခြင်းတိုက်ခတ်ခဲ့ခြင်းတို့ကြောင့် အိမ်ထောင်စု ၂၆ စု လေဘေးဒဏ်ခံခဲ့ရသည့်အတွက် အဆိုပါ လေဘေးသင့်ပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့မှပေးပို့သည် ထောက်ပံ့ငွေပေးအပ်ပွဲကို ဧပြီ ၁၉ ရက် နံနက် ၉ နာရီက မိုင်းခုတ်မြို့နယ်ခွဲ ဝမ်ကောင်းကျေးရွာအုပ်စု ဝမ်ကောင်းကျေးရွာ အမကကျောင်း၌ ကျင်းပသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လှူဒါန်းသည် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်သည်။ ယခင်က တိုင်းဒေသ တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးက သွပ်အချပ် ၄၀၀၊ အမှတ်(၁၄)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ စစ်ဆင်ရေးကွပ်ကဲရေးမှူးနှင့် တပ်ရင်းတပ်ဖွဲ့များက အလှူငွေကျပ် ၄၀၆၀၀၀၊ မိုင်းခုတ်မြို့နယ်ခွဲမှ တပ်ရင်းတပ်ဖွဲ့များက ငွေကျပ် ၁၅၀၀၀၀၊ ဌာနဆိုင်ရာဝန်ထမ်းများက ငွေကျပ် ၂၉၅၀၀၀၊ မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်မှ ငွေကျပ် ၉၈၀၀၀၀၊ ဝမ်ကောင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက သွပ်အချပ် ၃၀၀ နှင့် ကျေးရွာပြည်သူများက ငွေကျပ် ၁၃၀၂၀၀၀ ပထမအကြိမ်လှူဒါန်းပေးခဲ့ပြီး၊ ဒုတိယအကြိမ်အဖြစ် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငွေကျပ်တစ်သိန်းလှူဒါန်းပေးခဲ့ပြီးဖြစ်သည်။

ယခု ရှမ်းပြည်နယ်အစိုးရမှ ပေးပို့ထောက်ပံ့ငွေလှူဒါန်းခြင်းသည် တတိယအကြိမ် လှူဒါန်းထောက်ပံ့ခြင်း ဖြစ်ကြောင်း သိရသည်။ **ခရိုင် ပြန်/ဆက်**

မီးပွိုင့်လေးတော့ရှိစေချင်

ထင်သာမြင်သာ မြူပြင်စရာ

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း တောင်နှင့်မြောက် ဗားကရာလမ်းမကြီးနှင့် အုန်း၊ ငှက်ပျော၊ ကြံ၊ ဆန်တို့သယ်ရာ ငှက်ပျောတောလမ်းခုံသည် ကားများ နေ့စဉ်နှင့်အမျှ အချိန်ပြည့်နီးပါး ယာဉ်ကြောရှုပ်ထွေးခြင်းနှင့်အတူ ကုန်ဝယ်သူများနှင့် ခရီးသည်များအတွက် အချိန်မရွေး အန္တရာယ်ကျရောက်နိုင်သော နေရာတစ်ခုဖြစ်သည်။

(ယာပုံ)

ကြည်မြင်တိုင်မှ လှည်းတန်း၊ လှိုင်သာယာ၊ မှော်ဘီသို့ပြေးဆွဲလျက်ရှိသော လိုင်းကားကြီး၊ ငယ်တို့မှာ ဗားကရာအကွေ့မှတ်တိုင်၌ စည်းကမ်းမဲ့စွာ ယာဉ်နှစ်ထပ်၊ သုံးထပ်မျှရပ်တန့်၍ အချိန်ကြာမြင့်စွာ ခရီးသည်ကို စောင့်ခေါ်နေတတ်ကြသည်။ သို့အတွက် ဗားကရာဘက်မှ နတ်စင်လမ်းဘက်သို့သွားရန် ချိုးကွေ့လာသော ယာဉ်မှာ ထိုးရပ်ထားသော လိုင်းကားများကြောင့် အလယ်မျဉ်းဖြူကို ကျော်ဝ၍ တစ်ဖက်ယာဉ်ကြောထဲ ကွေ့မောင်းနှင်နေရသည်မှာ တစ်ချိန်မဟုတ်တစ်ချိန်တွင် တစ်ဖက်မှ အမှန်မောင်းလာသော ယာဉ်များနှင့် မျက်နှာချင်းဆိုင် ယာဉ်တိုက်မှုများ ဖြစ်လာနိုင်ပါသည်။

ထို့အပြင် အနီးရှိ ဆိပ်ကမ်းရန်စောင့်ဆိုင်းနေသော ကားရှည်ကြီးများကြောင့် နတ်စင်လမ်းဘက်မှ ထွက်လာသော ယာဉ်များနှင့် မတိမ်းသာ မရှောင်သာ အခြေအနေမျိုးလည်း ရှိတတ်ပါသည်။ သည့်အပြင် ငှက်ပျောတောလမ်းမှ ကုန်အပြည့်တင်လာသော ကုန်တင်ယာဉ်များ၊ ဆိုက်ကား၊ ဂါလီများနှင့် လမ်း အဖြောင့်အတိုင်း မောင်းလာသော ကိုယ်ပိုင်ယာဉ်များ၊ လိုင်းကားများက သူဦးကိုယ်ဦး ခေါင်းတိုးဝင်မှုကြောင့် လူနှင့်ယာဉ်၊ ယာဉ်နှင့် ယာဉ်ချင်းတိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိနေသည်။

သို့ပါ၍ မြို့နယ်မှ ပြည်သူများ၊ ကုန်စည်ဒိုင်များ၊ ယာဉ်မောင်းသူ၊ ဈေးဝယ်သူများက ထိုနေရာတွင် အန္တရာယ်ကင်း၊ ဘေးကင်းစေရန်အတွက် မီးပွိုင့်လေးတစ်ပွိုင့် ရှိနေစေချင်ကြောင်း ထင်သာမြင်သာမှုတစ်ဆင့် တင်ပြလိုက်ပါသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရေကြည်ချောင်းရိုးအား တူးဖော်ပေးရန် ဒေသခံများဆန္ဒရှိနေ

ရေကြည် ဧပြီ ၂၃

ရခိုင်တိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်း အသက်မွေးဝမ်းကျောင်းအနေဖြင့် လယ်ယာ၊ ဟင်းသီးဟင်းရွက်နှင့် ငှက်ပျောစိုက်ပျိုးခြင်းများ ပြုလုပ်ကြပြီး ရေကြည်မြို့အနီးရှိ သံတင်းချောင်းသည် ဝေနဲမြစ်မှ အစပြုသော ချောင်းတစ်ခုဖြစ်သည်။ ကိုလိုနီခေတ်က အဆိုပါချောင်းကို ပိတ်၍ ဝေနဲရေတာတမံတည်ဆောက်ခဲ့သည်။

တာတမံမဆောက်မီက ငသိုင်းချောင်းမြို့၊ ရေကြည်မြို့၊ ကျောင်းကုန်းနှင့် ဒါးကမြို့မှ ပြည်သူများသည် အဆိုပါချောင်းအား အမှီပြု၍ ကုန်သွယ်ရောင်းဝယ်မှု အလွန်စည်ကားခဲ့သည်။ ယခုအခါ ရေစီးရေလာ မကောင်းသဖြင့် ချောင်းမှာ တဖြည်းဖြည်း ကောစပြုလာနေပြီဖြစ်သည်။ ချောင်း၏ဘေးတွင် စက်ရုံများ တည်ဆောက်၍ လုပ်ကိုင်နေခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများလည်း ဖြစ်ပေါ်လျက်ရှိသည်။ စက်ရုံ၏ စွန့်ပစ်ပစ္စည်းများကြောင့် ဘေးပတ်ဝန်းကျင်တွင်နေထိုင်သော ပြည်သူများ၏ ကျန်းမာရေးစိုးရိမ်ဖွယ်ရာ အခြေအနေသို့ ရောက်ရှိနေပါသည်။

တောင်သူလယ်သမားများနှင့် အခြေခံလူတန်းစားများ၏ ဆင်းရဲမွဲတေမှုပပျောက်အောင် ဆောင်ရွက်နေချိန်တွင် အဆိုပါတိမ်ကောလုနီးပါးချောင်းအား ပြန်လည်တူးဖော်ပေးမည်ဆိုပါက လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ဟင်းသီးဟင်းရွက် ထွက်ကုန်ပစ္စည်းများကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ပြီး လူမှုစီးပွားဘဝလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဒေသခံများက မျှော်လင့်ကြသည်။

ပြန်လည်တူးဖော်နိုင်ပါက ငသိုင်းချောင်းမြို့နယ်ခွဲတွင်း ကျေးရွာများ၏ လယ်ယာမြေနှင့် လူနေရပ်ကွက်များ၊ အနိမ့်ပိုင်းရပ်ကွက်များ ဖြစ်သော ရွှေဘိုရပ်ကွက်၊ တိုးချဲ့ကွက်သစ်ရပ်ကွက်၊ မြို့သစ်ရပ်ကွက်များ ရေနစ်မြုပ်မှုမှ ကင်းဝေးစေခြင်း၊ ဗောဓိကုန်းမြစ်ကမ်းရှိ ပန်းတာများ၏ ကြံ့ခိုင်မှုကို အထောက်အကူဖြစ်စေခြင်း၊ တူးမြောင်းဝဲယာတွင် မြေသားတာပေါင်များ ဖြစ်ပေါ်လာသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေပြီး ချောင်းရိုးအတွင်း ပဲ့ထောင်နှင့် လှေသမ္ဗန်များ သွားလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်ပါသည်။

မင်းဇော်ဦး(ရေကြည်)

နွေရာသီ အခြေခံရေကူးသင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်တို့က ကြီးမှူး၍ နွေရာသီအခြေခံရေကူးသင်တန်း (၃/၂၀၁၃)ကို မေ ၆ ရက်မှ မေ ၃၁ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်း၌ မျိုးဆက်သစ် အသက်(၁၂ နှစ်)အောက် ကလေးများအတွက် တစ်နေ့ နှစ်ကြိမ်ခွဲခြား၍ လက်တွေ့သင်ကြားမည်ဖြစ်ရာ နံနက်ပိုင်းတွင် ၆ နာရီခွဲမှ ၈ နာရီ၊ ၇ နာရီခွဲမှ ၉ နာရီ၊ ၈ နာရီခွဲမှ ၁၀ နာရီ၊ ၉ နာရီခွဲမှ ၁၁ နာရီအထိ၊ မွန်းလွဲပိုင်းတွင် ၁ နာရီခွဲမှ ညနေ ၃ နာရီ၊ မွန်းလွဲ ၂ နာရီခွဲမှ ညနေ ၄ နာရီ၊ ညနေ ၃ နာရီခွဲမှ ညနေ ၅ နာရီနှင့် ညနေ ၄ နာရီခွဲမှ ၆ နာရီအထိ သင်ကြားပေးသွားမည်ဖြစ်သည်။ အမျိုးသား၊ အမျိုးသမီး အသက်(၁၂ နှစ်)အထက်သင်တန်းကို တစ်နေ့နှစ်ကြိမ် လက်တွေ့သင်ကြားမည်ဖြစ်ရာ နံနက်ပိုင်းတွင် အမျိုးသားများအတွက် နံနက် ၉ နာရီခွဲမှ ၁၁ နာရီ၊ မွန်းလွဲပိုင်းတွင် ၁ နာရီခွဲမှ ညနေ ၃ နာရီ၊ အမျိုးသမီးများအတွက် နံနက် ၈ နာရီခွဲမှ ၁၀ နာရီ၊ မွန်းလွဲပိုင်းတွင် ၂ နာရီခွဲမှ ညနေ ၄ နာရီအထိဖြစ်သည်။ သင်တန်းသို့ တက်ရောက်လိုပါက မေ ၅ ရက်နောက်ဆုံးထား၍ ပတ်စ်ပို့ဓာတ်ပုံ သုံးပုံနှင့် အမျိုးသားရေကူးကန်၌ အမည်စာရင်းပေးသွင်းနိုင်ပြီး သင်တန်းနှင့်စပ်လျဉ်း၍ ဖုန်း-၀၁-၃၇၈၅၅၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **မောင်ကျော်**

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း

အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ၏ဇနီး မစ္စစ်ဟာဂျာအာနီးဘမ်ဘန်း ယူဒိုယိုနိုအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် နေပြည်တော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘမ်ဘန်း ယူဒိုယိုနို၏ဇနီး မစ္စစ် ဟာဂျာအာနီး ဘမ်ဘန်း ယူဒိုယိုနို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်လင်းလင်းထင်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်သူဇာဝေ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ဇနီး ဒေါ်စံပယ်ဝင်းနှင့် နိုင်ငံတော်သမ္မတရုံးမှ ထာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

တွေ့ဆုံရာ၌ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအတွင်း ဆောင်ရွက်နေသည့် မိခင်နှင့်ကလေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ချစ်ကြည်ရေးခရီးရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘမ်ဘန်းယူဒိုယိုနို၏ဇနီး မစ္စစ် ဟာဂျာအာနီး ဘမ်ဘန်း ယူဒိုယိုနို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဥရောပသမဂ္ဂကောင်စီက မြန်မာနိုင်ငံနှင့်ပတ်သက်၍ ထုတ်ပြန်ချက်တစ်ရပ် ချမှတ်

ရန်ကုန် ဧပြီ ၂၃

အီးယူသံအမတ်ကြီးများသည် ဧပြီ ၁၇ ရက်တွင် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများဝယ်ဖျက်ရေးအတွက် ဆွေးနွေးခဲ့ကြပြီး ဧပြီ ၂၂ ရက်တွင် အီးယူဝန်ကြီးများအစည်းအဝေး၌ အတည်ပြုချက်ရရှိခဲ့သည်။

လူဇင်ဘတ်နိုင်ငံ၌ ဧပြီ ၂၂ ရက်က ကျင်းပသော ဥရောပသမဂ္ဂကောင်စီ၏ (၃၂၃၆) ကြိမ်မြောက် နိုင်ငံခြားရေးရာ အစည်းအဝေးတွင် ထုတ်ပြန်ချက်တစ်ရပ်ကို ချမှတ်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံမှ သိသာထင်ရှားသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ထောက်ခံ၍ စောင့်ကြည့်ခဲ့ကြောင်း၊ ဥရောပသမဂ္ဂသည် ဒီမိုကရေစီအတွက် ဖွံ့ဖြိုးတိုးတက်မှုအားကောင်းသော လွှတ်တော်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ အစိုးရ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ကြိုးပမ်းမှုများ၊ ကျန်ရှိသော နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးအတွက်၊ အစိုးရ၏ ကြိုးပမ်းမှုများ စသည်တို့ကို ကြိုဆိုပါကြောင်း၊ အီးယူသည် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကဏ္ဍသစ်ဖွင့်လှစ်ရန် ဆန္ဒရှိသည်အလျောက် အမြဲထမ်း ပါတနာရှစ်အတွက် တည်ဆောက်မြင်းကို ထိုင်းပြည်နှင့် ပိုမိုနီးကပ်သော ဆက်ဆံရေးအတွက် ဖြင့်တင်ရန် လုပ်ဆောင်လျက်ပါရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြီးသော ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်ရန် မျှော်လင့်လျက် ဥရောပသမဂ္ဂကောင်စီသည် လက်နက်ရောင်းဝယ်မှုကို နဂိုအတိုင်း ဆက်လက်ပိတ်ပင်ထားသည်မှလွဲ၍ အရေးယူပိတ်ဆို့မှုအားလုံးကို ရုပ်သိမ်းပေးရန် ဆုံးဖြတ်ခဲ့ကြောင်းဖြင့် ဖော်ပြထားသည်။

ယင်းသို့ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ ပယ်ဖျက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိဂ်က "မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်စရာတွေရှိနေပေမယ့် အခုဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဟာ သိသာထင်ရှားပြီး လေးနက်တဲ့ အဓိပ္ပာယ်ဆောင်တဲ့အတွက် ပိတ်ဆို့မှုတွေကို အပြီးတိုင် ဖယ်ရှားဖို့ ဆုံးဖြတ်ခဲ့ရတာဖြစ်ထယ်။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးအခြေအနေတွေ တိုးတက်ကောင်းမွန်စေဖို့နဲ့ ပဋိပက္ခတွေဖြေရှင်းပေးနိုင်ရေးအတွက် ဆက်လက်ကူညီသွားမယ်" ဟု ပြောကြားခဲ့သည်။

ဗြိတ်သျှနိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိဂ်

အီးယူနိုင်ငံခြားရေးမူဝါဒရေးရာ အကြီးအကဲ ကက်သရင်းအက်ရှတန်

အလားတူ အီးယူနိုင်ငံခြားရေးမူဝါဒရေးရာအကြီးအကဲကက်သရင်းအက်ရှတန်ကလည်း "ယနေ့တွင် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေးအရ ပိတ်ဆို့ထားမှုများကို ရုပ်သိမ်းပြီး မြန်မာနိုင်ငံနှင့် ကာလကြာမြင့်စွာ တည်ရှိခဲ့သည် ဆက်ဆံရေးအခန်းကဏ္ဍထစ်ရပ်ကို ပိတ်လိုက်ပြီဖြစ်ကြောင်း၊ လက်နက်ထင်ပို့ရောင်းချမှုထစ်ခုထည်းသာ ကျန်ရှိတော့ကြောင်း၊ လူ့အခွင့်အရေး၊ဒီမိုကရေစီအရေး၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးနှင့် ရေရှည်ငြိမ်းချမ်းမှုတည်ဆောက်နိုင်မှုကဲ့သို့သော ဆောင်ရွက်ဖွယ်ရာ အများအပြားကျန်ရှိသည်ကို သိရှိထားသည့်အလျောက် စိန်ခေါ်မှုများကိုလည်း မိမိတို့အနေဖြင့် လျော့တွက်၍မရကြောင်း၊ မည်သို့ပင်ဖြစ်စေ ယခုအချိန်သည် ထိတွေ့ဆက်ဆံမှုများကို ပိုမိုပြုလုပ်ပေးရမည်အချိန်ဖြစ်ပြီး ရှေ့တွင်ရင်ဆိုင်ရဦးမည် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအတွက် ကူညီပံ့ပိုးပေးကြရမည်ဖြစ်ကြောင်း၊ ယင်းစိန်ခေါ်မှုအားလုံးကို လွယ်လပ်ပွင့်လင်းသည့် ဒီမိုကရေစီလူ့ဘောင်အတွင်း ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းသွားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့်လည်းကောင်း၊ အခြားသောသက်ဆိုင်ရာအဖွဲ့အစည်းအားလုံးနှင့်လည်းကောင်း နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟုမျှော်လင့်ထားပါကြောင်း၊ ပြည်သူများသည် ၎င်းတို့နှင့် ထိုက်ထန်သည် ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို အလိုရှိကြပါကြောင်း"ဖြင့် ပြောကြားခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်ကလည်း "၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ အစိုးရသစ် တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေးနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုများစွာပြုလုပ်ခဲ့မှုကြောင့် ယမန်နှစ်က အီးယူဟာ မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုများကို တစ်နှစ်တာ ဆိုင်းငံ့ပေးခဲ့ပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံလိုကြတဲ့ ဥရောပကုမ္ပဏီ အဖွဲ့အစည်းများနဲ့ လုပ်ငန်းရှင်များအနေနဲ့ မြန်မာနိုင်ငံကို လာရောက်ခဲ့ချိန်နဲ့ ဆက်သွယ်စုံစမ်းချိန်များမှာတော့ ရင်းနှီးမြှုပ်နှံမှုတွေ လက်တွေ့လုပ်ဆောင်ရန်မှာ ကန့်သတ်ချက်အချို့ရှိမှုနဲ့အတူ စိုးရိမ်မှုတွေရှိတာ သိရပါတယ်။

ယခုအခါ မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေ ထပ်မံကူးကက်ဖြစ်ပေါ်လာမှုကြောင့် အီးယူက လက်နက်တင်ပို့မှုမှလွဲပြီး ပိတ်ဆို့အရေးယူထားမှုအားလုံးကို ပယ်ဖျက်ပေးခဲ့ပြီ ဖြစ်ပါထယ်။ဒါကြောင့် ဥရောပက ရင်းနှီးမြှုပ်နှံလိုကြတဲ့ ကုမ္ပဏီ၊ အဖွဲ့အစည်းနဲ့ လုပ်ငန်းရှင်များအနေနဲ့အခြားနိုင်ငံများနဲ့ ယှဉ်ပြိုင်ပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်နိုင်မှာဖြစ်လို့ အကျိုးတူဖက်စပ် စီးပွားရေးလုပ်ငန်းတွေ ပိုမိုပြုလုပ်နိုင်မှု၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနဲ့အတူ ကုန်ထုတ်လုပ်မှုတွေလည်း မြင့်မားလာမှာဖြစ်ပါတယ်။

အီးယူရဲ့ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းမှုနဲ့အတူ အခွန်သက်သာခွင့်(GSP)လည်း ထပ်ဆက်ထည်းရရှိနိုင်မယ်လို့ မျှော်လင့်ပါကယ်။ အဲဒီရလဒ်တွေကြောင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖြစ်ပေါ်လာပြီး အခြေခံအလုပ်သမားတွေရဲ့ တစ်ဦးချင်းဝင်ငွေလည်း မြင့်မားတိုးတက်လာမှာဖြစ်သလို လူနေမှုဘဝထွေလည်း မြင့်မားလာမှာဖြစ်ပါထယ်။ ဒါကြောင့် အီးယူရဲ့ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုအားလုံး ရုပ်သိမ်းခဲ့ကြောင်း ဆုံးဖြတ်ချက်အပေါ် ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါထယ်" ဟု ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများသို့

တန်ဖိုးနည်းမိုဘိုင်းတယ်လီဖုန်းများနှင့် ပတ်သက်၍ထပ်မံအသိပေးကြေညာချက်

ထိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ၂၀၁၃ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် စထင်ရောင်းချမည် MECTEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်း CDMA-800 MHz မိုဘိုင်းတယ်လီဖုန်းစနစ်သည် လက်ရှိမိုဘိုင်းတယ်လီဖုန်းများကဲ့သို့ အထွက်ခေါ်ဆိုမှုအတွက် ထစ်မိနစ် ၅၀ ကျပ်ဖြစ်ပါသည်။ အဝင်ခေါ်ဆိုမှုအတွက် ငွေပေးဆောင်ရန်မလိုအပ်ပါ။ အင်တာနက်အသုံးပြုမှုအတွက် ငွေကောက်ခံသည့်နှုန်းမှာ ယခင် CDMA-800MHz မိုဘိုင်းထယ်လီဖုန်းများကဲ့သို့ တစ်မိနစ် အသုံးပြုခ လေးကျပ်ဖြစ်ပါသည်။ အင်တာနက် အသုံးပြုလိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီး/ပြည်နယ် မန်နေဂျာရုံးများတွင် အင်တာနက်စနစ်ဆက်သွယ်မှု ကနဦးတပ်ဆင်ခ ကျပ် ၁၀၀၀၀ ပေးသွင်းလျှောက်ထားရပါမည်။

MECTEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်း CDMA-800 MHz မိုဘိုင်းတယ်လီဖုန်းစနစ်သည် မြန်မာနိုင်ငံထစ်ဝန်းလုံး ရေဒီယိုစခန်းပေါင်း (၂၈၂) စခန်းရှိပြီး အဆိုပါ ရေဒီယိုစခန်းများ၏ နယ်နိမိတ်အတွင်းမှ ပြည်တွင်း/ပြည်ပသို့ တယ်လီဖုန်းခေါ်ဆိုမှုများ ပြုလုပ်နိုင်ပါသည်။ အဆိုပါ ရေဒီယိုစခန်းများ၏ နယ်နိမိတ်များအတွင်း အပြန်အလှန် ယူဆောင်အသုံးပြုနိုင်ပါသည်။ ဆက်သွယ်မှုအရည်အသွေး ပိုမိုကောင်းမွန်စေရန်နှင့် ပိုမိုကျယ်ပြန့်စွာ ဆက်သွယ်ပြောဆိုနိုင်ရန်အတွက် စခန်းသစ်များကိုလည်း ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိပါသည်။

MECTEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်း CDMA-800 MHz မိုဘိုင်းထယ်လီဖုန်းများသည် ကြိုတင်ငွေဖြည့်ကတ် အသုံးပြု၍ ပြည်တွင်း/ပြည်ပသို့ တယ်လီဖုန်းဆက်သွယ်ပြောဆိုနိုင်ပါသည်။ ဖြည်ပသို့ တယ်လီဖုန်းခေါ်ဆိုလိုပါက MECTEL အမှတ်တံဆိပ်ပါ နိုင်ငံခြားငွေသုံး ကြိုတင်ငွေဖြည့်ကတ် (10$, 20$, 50$) အားအသုံးပြုရပါမည်။ ဖော်ပြပါ MECTEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်း CDMA-800 MHz မိုဘိုင်းတယ်လီဖုန်း ကြိုတင်ငွေဖြည့်ကတ်များ ရောင်းချမည့်နေရာ၊ ဒေသနှင့် အရောင်းဆိုင်များအား နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းကြေညာထားပြီးဖြစ်ပါသည်။

MECTEL CDMA-800 MHz မိုဘိုင်းတယ်လီဖုန်းကတ်ပျောက်ဆုံးပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ထိုင်းဒေသကြီး/ပြည်နယ် မန်နေဂျာရုံးများတွင် ကျပ် ၂၀၀၀၀ ပေးသွင်းပြီး ပြန်လည်လျှောက်ထားရပါမည်။ MEC-TEL မိုဘိုင်းတယ်လီဖုန်းကတ်ပျက်စီးပါက ထိုင်းဒေသကြီး/ပြည်နယ် မန်နေဂျာရုံးများတွင် အခမဲ့ လျှောက်ထားရယူနိုင်ပါသည်။ MECTEL CDMA-800MHz မိုဘိုင်းတယ်လီဖုန်းနှင့်ပတ်သက်၍ မေးမြန်းလိုပါက တယ်လီဖုန်းအမှတ် ၃၄၅၆ သို့အခမဲ့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ်တွင် လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဝမ်ယိထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် ပိတ်ပင်မှုများအား ရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်

နေပြည်တော် ဧပြီ ၂၃

ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည် ပိတ်ပင်မှုများအား ရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန
သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံအပေါ် ဥရောပသမဂ္ဂမှ ချမှတ်ထားသော စီးပွားရေးဆိုင်ရာ ပိတ်ပင်ကန့်သတ်ချက်အားလုံးအား ရုပ်သိမ်းလိုက်သည် ဥရောပသမဂ္ဂ၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့ဆုံးဖြတ်ချက်ကို ဝမ်းမြောက်စွာကြိုဆိုပါသည်။

ဥရောပသမဂ္ဂသည် မြန်မာအစိုးရ၏ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသော ပြုပြင်ရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို စိတ်အားထက်သန်စွာထောက်ခံအားပေးလျက်ရှိပြီး ကနဦးအနေဖြင့် ၂၀၁၂ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ပိတ်ပင်ကန့်သတ်မှုအများစုကို တစ်နှစ်ဆိုင်းငံ့ထားခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ဥရောပသမဂ္ဂ၏ ဆုံးဖြတ်ချက်သည် ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုများကို ပြင်းပြစွာလိုလားလျက် မြန်မာအစိုးရ၏ လွန်ခဲ့သော (၂)နှစ်ကာလအတွင်း ဆောင်ရွက်ခဲ့သော ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ထက်ကြွစွာထောက်ခံလျက်ရှိသည့် ပြည်သူများကို များစွာအကျိုးရှိစေမည်ဟု ယုံကြည်ပါသည်။

ဥရောပသမဂ္ဂဘက်မှ စီးပွားရေးပိတ်ပင်ကန့်သတ်မှုများအားလုံးကို ရုပ်သိမ်းလိုက်ခြင်းသည် မြန်မာ-အီးယူ ဆက်ဆံရေးကို အားပေးရာရောက်သည့်အပြင် ပိုမိုနက်ရှိုင်းကျယ်ပြန့်သော နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်းကိုပါ အကျိုးပြုမည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၁၃ခုနှစ် ဧပြီလ၂၃ရက်

နိုင်ငံတကာသတင်း

ရာဆူကူနီစစ်ဗိမာန်သို့ ဂျပန်လွှတ်တော်အမတ်များ သွားရောက်

တိုကျို ဧပြီ ၂၃

ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား အငြင်းပွားလျက်ရှိသော ဂျပန်အခေါ် ဆင်ကာကူကျွန်း တရုတ်အခေါ် ဒိုင်အောယုကျွန်းအနီး ရေပိုင်နက်သို့ ဂျပန်သင်္ဘောများနှင့် တရုတ်သင်္ဘောများ အပြိုင်အဆိုင်ခုတ်မောင်းသွားလာနေချိန် ဒါဇင်များစွာပါဝင်သော ဂျပန်လွှတ်တော် ကိုယ်စားလှယ်များသည် ၎င်းကျွန်းရှိ ရာဆူကုန်စစ်ဗိမာန်သို့ သွားရောက်ကြကြောင်း ဧပြီ ၂၃ရက် ဘီဘီစီသတင်းတစ်ပုဒ်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ရာဆူကူနီစစ်ဗိမာန်သို့ သွားရောက်ခဲ့သူစုစုပေါင်းမှာ ဥပဒေပြုအမတ် ၁၆၈ ဦးထိုဖြစ်သည်ဟု သိရသည်။ ပြစ်မှုကျူးလွန်ခဲ့သူများအပါအဝင် ဂျပန်စစ်ပွဲတွင် သေဆုံးခဲ့ရသူများအတွက်ရည်ရွယ်ကာ အဆိုပါဗိမာန်၌ အထိမ်းအမှတ်ပွဲ ကျင်းပမည်ဖြစ်သည်။

ယခုအချိန်သည် တရုတ်သင်္ဘောရှစ်စင်းတို့ အငြင်းပွားကျွန်းအနီး ခုတ်မောင်းသွားလာလျက်ရှိသည်ကို တွေ့ရပြီး ဂျပန်နိုင်ငံမှ ထရုတ်သံအမတ်ကြီးအား ဆင့်ခေါ်ခဲ့သောကာလဖြစ်သည်။

တရုတ်တို့အပြောအရမူ ဂျပန်သင်္ဘောများသည် ၎င်းပိုင်နက်သို့ အုပ်စုဖွဲ့ဝင်ရောက်လာမှုကြောင့် မိမိတို့ပိုင်သင်္ဘောများက ဂျပန်သင်္ဘောများအား စောင့်ကြည့်ရန်သာ ဖြစ်သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ကယ်လီဖိုးနီးယား၌ တောမီးလောင်

လော့စ်အိန်ဂျလိစ် ဧပြီ ၂၃

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း လော့စ်အိန်ဂျလိစ်အရှေ့ဘက်ရှိ တောင်ခြေများတွင် ဧပြီ ၂၀ ရက်က တောမီးလောင်မှုကြောင့် အာဏာပိုင်များက ဒေသခံအချို့ကို ကယ်ဆယ်ရေးများဆောင်ရွက်ပေးရန်အတွက် အမိန့်ထုတ်ပြန်ပေးခဲ့ကြောင်း ဧပြီ ၂၂ ရက်က အေဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

လော့စ်အိန်ဂျလိစ်အရှေ့ပိုင်း ဆန်ဂါဘရီအီတောင်တန်းများတွင် အဆိုပါတောမီးများလောင်ကျွမ်းခဲ့ပြီးနောက် ယင်းနေ့အစောပိုင်းတွင် နေအိမ် ၂၀၀ ခန့်ကိုလည်း ကယ်ဆယ်ရေးများဆောင်ရွက်ရန် တိုက်တွန်းခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။ ယင်းတောမီးလောင်မှုသည် နေအိမ်နောက်ဖေးတစ်ခုရှိ ဥယျာဉ်မျုးလုပ်ငန်းခွင်တစ်ခု၌ အသုံးပြုသော ပစ္စည်းတစ်ခုမှ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမီးတောက်များသည် ယင်းနေအိမ်နောက်ဖေးရှိ တောင်စောင်းထစ်လျှောက်သို့ ကူးစက်ပြီး ဧကပေါင်း ၁၇၅ ဧကအထိ မီးသင့်ခဲ့ကြောင်း၊ ကြီးမားသော မီးခိုးလုံးများကို ဆန်ဂါဘရီအီတောင်တန်းဒေသတစ်ဝန်းမှ တွေ့မြင်နိုင်ကြောင်း မြို့ခံပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်သူ ဂျင်နီဖာမစ်လိန်းက ပြောကြားခဲ့သည်။

ယင်းတောမီးသည် နေအိမ်များကိုကူးစက်လောင်ကျွမ်းခြင်းမရှိသော်လည်း ကြုတင်ကာကွယ်မှုတစ်ရပ်အနေဖြင့် အာဏာပိုင်များက ကယ်ဆယ်ရေးအတွက် ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်သည်။ မတ်စောက်သောတောင်စောင်းများပေါ်တွင် ခြောက်သွေ့ပြီးထူထပ်သောချုံပုတ်များကြောင့် မီးသတ်သမားအနေဖြင့် မီးကိုထိန်းချုပ်နိုင်ရန် ခက်ခက်ခဲခဲလုပ်ဆောင်ခဲ့ရကြောင်း မီးသတ်ခေါင်းဆောင် ခရစ်ဒီနိုဇန်က ပြောကြားခဲ့သည်။ အဆိုပါတောမီးလောင်မှုကို မီးသတ်သမား ၂၀၀ ကျော်က ရဟတ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရသည်ဟု ဆိုသည်။ **(အေဘီစီ)**

တရုတ်စီချွမ်ငလျင်ကယ်ဆယ်ရေး လုပ်ငန်းများ မြေပြိုလမ်းများပိတ်ဆို့နေသဖြင့် အခက်ကြုံတွေ့နေ

စီချွမ် ဧပြီ ၂၃

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် လွန်ခဲ့သော ဧပြီ ၂၀ ရက်က အားပြင်းငလျင်လှုပ်ခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ အကြီးအကျယ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ထောင်ပေါင်းများစွာသော ကယ်ဆယ်ရေးလုပ်သားများ ဖြန့်ကြက်လုပ်ဆောင်နေကြောင်း ဧပြီ ၂၃ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကယ်ဆယ်ရေးလုပ်သားများသည် မြေပြိုကျပိတ်ဆို့နေသောလမ်းများကို ဖြတ်ကျော်ရန် ဒိုင်းနမိုက်များနှင့် စက်ယန္တရားကြီးများ အသုံးပြုဆောင်ရွက်နေကြောင်း သတင်းများက ဖော်ပြသည်။ **(ဓာတ်ပုံ)**

ဆက်လက်ဆောင်ရွက်

သို့သော် ရာသီဥတုဆိုးရွားခြင်းနှင့် ငလျင်ငယ်များ ဆက်တိုက်လှုပ်ခတ်နေသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းမှာ ခရီးမတွင်ဘဲဖြစ်နေသည်ဟုဆိုသည်။ ထင်းငလျင်ကြောင့် အနည်းဆုံး ၁၉၃ ဦး သေဆုံးသွားပြီဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။ ရစ်ချ်တာစကေး ၆ ဒသမ ၆ ရှိ အဆိုပါငလျင်ကြောင့် ဒဏ်ရာရသူ ၁၁၅၀၀ ရှိသည်။ စစ်သားနှင့်ရဲတပ်ဖွဲ့ ၁၈၀၀၀ ပါဝင်သော ကယ်ဆယ်ရေးအဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်းလည်း ဆင်ဟွာသတင်းအေဂျင်စီက ဧပြီ၂၁ ရက်တွင် သတင်းဖော်ပြသည်။

ထိုအတောအတွင်း အိုးအိမ်မဲ့ဖြစ်သွားသူအချို့သည် အစားအစာ သို့မဟုတ် သောက်သုံးရေမရရှိသေးသော ဒေသတွင် ရှိနေကြသည်ဟုဆိုသည်။ ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ထောင်ထန်းထူထပ်သည် ဘော်ကျင်းဒေသရှိကျေးရွာများသို့ ရောက်ရှိခဲ့ကြသည်။

သို့သော်လည်း ပြေပြိုကျမှုကြောင့် အကူအညီပေးရေးထာဉ်များ မသွားရောက်နိုင်ဘဲရှိသည်။ အိမ်နီးချင်း လူရှန်းဒေသတွင်လည်း လမ်းများပိတ်ဆို့လျက်ရှိသည်။

စိုးရိမ်ပူပန်

အဆိုပါ ထောင်ထန်းဒေသများသို့ ကယ်ဆယ်ရေးသွားရောက်ရခြင်းမှာ အလွန်ခက်ခဲပြီး အကြီးမားဆုံးသော ပြဿနာဖြစ်ကြောင်း လူရှန်းပြည်သူ့ဆေးရုံခွဲစိတ်ဆရာဝန်ကြီး ကျို့ကျောက်ဟွာက ပြောသည်။ ယင်းကဲ့သို့ ဒုက္ခအပေါင်း ခံစားနေကြရချိန်တွင် မိုးရွာချလာမည်ကို လူအများအပြားက စိုးရိမ်ပူပန်လျက်ရှိသည်။ **(ဘီဘီစီ)**

တင်မောင်လွင် - စုစည်းသည်

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ အင်အားပြင်းငလျင်လှုပ်ပြီးနောက် ငလျင်ငယ်ပေါင်း ၃၂၀၀ ကျော် စံချိန်တင်လှုပ်

ပေကျင်း ဧပြီ ၂၃

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် ဧပြီ ၂၀ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၆ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ပြီးနောက် ငလျင်ထပ်စုစုပေါင်း ၃၂၄၄ ကြိမ်လှုပ်ခဲ့သည်ဟု ဧပြီ ၂၃ ရက်နံနက် ၆ နာရီက မှတ်တမ်းတင်ခဲ့ကြောင်း တရုတ်မြေငလျင်ထိန်းချုပ်ရေးဌာနက ပြောကြားသည်။

ပြောကြား

အဆိုပါငလျင်များတွင် ပြင်းအား ၅ ဒသမ ဝနှင့် ၅ ဒသမ ၉ အဆင့်ရှိ ငလျင်ပေါင်း လေးကြိမ်၊ ပြင်းအား ၄ ဒသမ ဝ နှင့် ၄ ဒသမ ၉ ငလျင်ပေါင်း (၂၀) ကြိမ်အပါအဝင် ပြင်းအား ၃ ဒသမ ဝ အဆင့်ရှိ ငလျင်ငယ်အကြိမ်ပေါင်း ၁၀၀ ကျော်ရှိကြောင်း အဆိုပါ ငလျင်ထိန်းချုပ်ရေးဌာနက ပြောကြားသည်။

စီချွမ်ပြည်နယ် လူရှန်းစီရင်စုတွင် အဆိုပါအင်အားပြင်းငလျင်ကြောင့် သေဆုံးသူ ၁၉၃ ဦး၊ ပျောက်ဆုံးသူ ၂၃ နှင့် ဒဏ်ရာရသူ ၁၁၀၀၀ ထက်မနည်း ထပ်တိုးလာကြောင်း ဒေသဆိုင်ရာအာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။ **(ဆင်ဟွာ)**

ဘော့စ်တွန်ဗုံးခွဲသူအစစ်အမှန် ရှင်းရှင်းလင်းလင်းမသိရသေး

ဘော့စ်တွန် ဧပြီ ၂၃

ဘော့စ်တွန်ဗုံးဖောက်ခွဲသူဟု သံသယရှိသူ ဒိုခါးဆာနေးအား ထရားစွဲဆိုထားသော်လည်း ဘော့စ်တွန်မာရသွန်ဗုံးပေါက်ကွဲရခြင်း၏ အကြောင်းအရင်းကိုမူ ရင်းရင်းလင်းလင်းမသိရသေးကြောင်း ဧပြီ ၂၃ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါသံသယရှိသူအား အစိုးရရှေ့နေများက ဆေးရုံပေါ်တွင် လူအများအပြားသေကျေပျက်စီးနိုင်သည့်လက်နက် အသုံးပြုမှုဖြင့် တရားစွဲဆိုထားသည်။ ၎င်းသည် ပြစ်မှုထင်ရှားလျှင် သေဒဏ်ပေးခံရဖွယ်ရှိသည်။ သူ့အား ဖမ်းဆီးစဉ် လည်ပင်းကို သေနတ်ထိမှန်ထားသဖြင့် စကားမပြောနိုင်ဘဲရှိသည်။ သို့သော် ရုံဖန်ရံခါ အားယူပြောသည်ဟု ဆိုသည်။ ရှေ့နေတစ်ဦးကမေးမြန်းလျှင် ထိုစကားမဟုတ်ကြောင်း(မဟုတ်)ဟုသောစကားထစ်ခွန်းသာ ပြန်ပြောနိုင်သည်ဟု ဆိုသည်။ ၎င်းအား ကြားနာစစ်ဆေးမှုကို မေလကုန်ပိုင်းတွင် ပြန်လည်စတင်ရန် စီစဉ်ထားသည်။ **(ရိုက်တာ)**

ဘော့စ်တွန်ဗုံးဖောက်ခွဲခံရသူများအတွက် ဆုတောင်းပွဲပြုလုပ်နေမှုကို တွေ့ရစဉ်။

သတင်းဆောင်းပါး

ငွေကျပ် ၁၅၀၀တန် တန်ဖိုးနည်းဖုန်းများကို စတင်ရောင်းချပေးနေပြီဖြစ်၊ လူတိုင်းဖုန်းကိုင်နိုင်ရန်အတွက် တယ်လီဖုန်းသိပ်သည်းဆကို ၂၀၁၄ – ၂၀၁၅တွင် ၅၀ ရာခိုင်နှုန်း၊ ၂၀၁၅ – ၂၀၁၆ တွင် ၇၅ ရာခိုင်နှုန်းအထိ တိုးတက်လာရန် မျှော်မှန်းဆောင်ရွက်နေ

ပြည်သူများမျှော်လင့်နေကြသည့် ငွေကျပ် ၁၅၀၀ တန် တန်ဖိုးနည်း မိုဘိုင်းဖုန်းများကို နိုင်ငံတစ်ဝန်းတွင် ထနေ့စထင်ရောင်းချဝေးနေပြီဖြစ်သည်။ အဆိုပါဖုန်းများ ဝထ်ထူရရှိပြီးနောက် မည်သိုကိုင်ထွယ်သုံးစွဲရမည်၊ ကြိုတင်ငွေဖြည်ကတ်များကို မည်သို့မည်ပုံဖြည်သွင်းရမည်၊ ဖုန်းများကိုမည်သို ဆက်လက်ရောင်းချပေးမည် စသည်တို့ကိုသိရှိနိုင်ရန် ဆက်သွထ်ရေးနှင့် သတင်းအချက်အလက်နည်းဝညာဝန်ကြီးဌာနသို့ သွားရောက်မေးပြန်းခဲ့ရာ အဆိုဝါ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မော်ထိုက ပြည်ပြည်စုံစုံ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

မေး။ တန်ဖိုးနည်း မိုဘိုင်းဖုန်းစနစ် စတင်ဆောင်ရွက်ခဲ့မှု အခြေအနေကိုသိပါရစေ။

ဒုတ်ယပန်ကြီး ဦးပင်းသန်း

မြန်မာ့ဆက်သွထ်ရေးလုပ်ငန်းအနေနဲ့ စာတိုက်၊ကြေးနန်း၊ တထ်လီဖုန်းနဲ့ သထင်းအချက်အလက်ဆိုတဲ့ ဆက်သွယ်ရေးနဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်ဝေးလျက်ရှိပါထယ်။ဖြန်မာနိုင်ငံမှာ ဆယ်လူလာ မိုဘိုင်းစနစ်ကို ၁၉၉၃ ခုနှစ်က (AMPS)စနစ်နဲ့ စထင်အသုံးဖြုခဲ့ပါထယ်။ အခုဆိုရင် CDMA 450၊ CDMA 800 MHz၊ WCDMA ၊ GSM စတဲ့ မိုဘိုင်းထထ်လီဖုန်းစနစ်ဖြင့် တပ်ဆင်ထားပြီး မိုဘိုင်းတထ်လီဖုန်းစုစုဝေါင်း ၆ ဒသမ ၀၉ သန်း တပ်ဆင်အသုံးပြုနေပါပြီ။

အစိုးရသစ်စထင်ထာဝန်ယူချိန်ကာလမှ စပြီးတော့ ပြည်သူထွေ မိုဘိုင်းထထ်လီဖုန်းကို စျေးနှုန်းချိုသာစွာနဲ့ အသုံးပြုနိုင်ဖို့အတွက် မိုဘိုင်းထထ်လီဖုန်းလိုင်းလေးသန်း တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ပါထယ်။ အဲဒီလို အကောင်အထည်ဖော်ရာမှာ ဖြည်တွင်းပုဂ္ဂလိကကုမ္ပဏီ ၁၃ခုနဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံတစ်ဝန်း GSM၊WCDMAမိုဘိုင်းဖုန်းများ ထိုးချဲ့ထပ်ဆင်ပြီးထဲနောက် ၂၀၁၂ ခုနှစ် မထ်လ ၁၄ ရက်က စထင်ပြီး GSM၊ WCDMA ဖုန်းတွေကို နိုင်ငံတစ်ဝန်းမှာ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချဝေးခဲ့ဝါထယ်။ ဒ့ါအပြင် ဝန်ထမ်းတွေနဲ့ ကျေးလက်နေ ပြည်သူတွေကိုလည်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့ထယ်။ ထခုအခါမှာ နိုင်ငံတော်သမ္မတကြီးရဲ့ မိဘပြည်သူများအပေါ် အဖိုးနှုန်း အလွန်ချိုသာသော မိုဘိုင်းတယ်လီဖုန်းများကို ရောင်းချဝေးလိုထဲ စေတနာအရငွေကျပ် ၁၅၀၀ သာ ဝေးသွင်းရမယ့် တန်ဖိုးနည်းဖုန်းကို ယခုဧပြီ ၂၄ ရက် ယနေ့မှာ စတင်ပြီး ရောင်းချဝေးနေဝါဖြီ။ ထခင်ရောင်းချခဲ့တဲ့ ဝန်ထမ်းနဲ့ ကျေးလက်ပြည်သူတွေအတွက် အရစ်ကျထယ်လီဖုန်းများဟာလည်း ပြီးခဲ့တဲ့ မထ်လကစပြီးထော့ အရစ်ကျဝေးသွင်းရမည့်ငွေ ဆက်လက်ပေးသွင်းဖို့မလိုတော့ဘဲ ကိုယ်ပိုင်အဖြစ် အသုံးပြုနိုင်ပြီဖြစ်ဝါတထ်။

ဦးအောင်မော် (ဦးဆောင် ညွှန်ကြား ရေးမှူး မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း)က ရှင်းလင်း ပြောပြစဉ်။

မေး။ တယ်လီဖုန်းခေါ်ဆိုခနှုန်းထားတွေကိုရော ဘယ်လိုသတ်မှတ်ထားပါလဲ။

Postpaid၊ Prepaid မိုဘိုင်းတယ်ထိဖုန်းတွေအားလုံးအတွက် ယခင်က မြို့တွင်းခေါ်ဆိုခ ၂၅ ကျပ်၊ နယ်ဝေးခေါ်ဆိုခ ၃၅ ကျပ်နှုန်းနဲ့ ကောက်ခံလျက်ရှိရာ ယခုအခါမှာတော့ မြို့ကွင်း၊ နယ်ဝေး တစ်ပြေးညီ သတ်မှတ်နှုန်းထား ၅၀ ကျပ်နှုန်းဖြင့် ကောက်ခံနေပါတယ်။ ဒ့ါအပြင်အထူးခေါ်ဆိုခအဖြစ် ည ၁၁ နာရီမှ နံနက် ၇ နာရီအထိ အချိန်ကာလကိုလက်ရှိနှုန်းထားရဲ့ ထက်ဝက် သတ်မှတ်လျှော့ချပေးပြီး ကောက်ခံနေပါတယ်။ အဝင်ခေါ်ဆိုခကို ကောက်ခံခြင်းမရှိခဲ့သလို ယခုလည်း ကောက်ခံမှာမဟုတ်ပါဘူး။

မေး။ ယခုရောင်းချပေးမယ့် တန်ဖိုးနည်းငွေကျပ် ၁၅၀၀တန်ဖိုး မိုဘိုင်းတယ်လီဖုန်းတွေ ရောင်းချပေးမယ့်အစီအစဉ်နဲ့ သုံးစွဲသူထ ဘာတွေကိုသတ်ပြုရမှာလည်း ဆိုတာတွေကို ပြောပြပေးစေလိုပါတယ်။

ပထမဦးစွာ MEC TEL အမှတ်တံဆိပ်ပါ CDMA-800 MHz Prepaid မိုဘိုင်းဖုန်းတွေကို တစ်လလျှင် SIM Card အရေအတွက် ၃၅၀၀၀၀ နှုန်းနဲ့ ထစဉ်ဖြန့်ဖြူးပေးသွားမှာဖြစ်ပြီး နောက်ပိုင်းမှာ GSM, WCDMA SIM Cardတွေကိုထည်း ဆက်ထက်ဖြန့်ဖြူးရောင်းချပေးသွားမှာပါ။ ရောင်းချပေးရာမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့

အမေး၊ အရေးနှင့်ဓာတ်ပုံ - ရန်ကြီးအောင်

ရောင်းချပေးသွားမှာဖြစ်ပါတယ်။ MEC TEL အမှတ်တံဆိပ်ပါ CDMA-800 MHz SIM Card မှာ တယ်လိဖုန်းပြောဆိုခ ကျပ် ၃၀၀ ကြိုတင်ထည့်ပေးထားတာကြောင့် ကတ်ရဲ့တန်ဖိုးဟာ ကျပ် ၁၂၀၀ သာ ကျသင့်တော့မှာဖြစ်ပါတယ်။ ဖော်ပြပါ ကျပ် ၃၀၀ မကုန်မီ ၁၅ ရက်အတွင်း ကြိုတင်ငွေဖြည်ကတ်နဲ့ အနည်းဆုံးထန်ဖိုးငွေကျပ် ၅၀၀၀ ဖြည်သွင်းရမှာပါ။ MEC TEL အမှတ်တံဆိပ်ပါ CDMA-800 MHz ဖုန်းတွေကို MEC TEL အမှထ်တံဆိပ်ပါ ကြိုတင်ငွေဖြည့်ကတ်တွေနဲ့ပဲ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ကြိုတင်ငွေဖြည့်ကတ် ငွေကျပ် ၅၀၀၀ ဖြည်သွင်းထားပါက တထ်လီဖုန်းတစ်လုံးရဲ့ သက်တမ်းဟာ နှစ်လဖြစ်ပါတယ်။ တစ်လအတွင်း တယ်လီဖုန်းပြောဆိုခ ၂၅၀၀ ကျပ်အနည်းဆုံး အသုံးပြုဖို့ သတ်မှထ်ထားပါတထ်။ နှစ်လပြည်ရင် ၁၅ ရက်အတွင်း ထပ်မံငွေဖြည်သွင်းရမှာ ဖြစ်ပါထယ်။ အဲဒီလို မဖြည်သွင်းပါက အဲဒီထထ်လီဖုန်း ဆက်ပြီးအသုံးပြုနိုင်တော့မှာ မဟုတ်ပါဘူး။ MEC TEL အမှထ်တံဆိပ်ပါ ကြိုတင်ငွေဖြည်ကထ်များ ဝယ်ယူရရှိနိုင်မယ့်နေရာများကို နေ့စဉ်ထုထ် သထင်းစာတွေမှာ အသိပေးကြေညာထားပြီး ဖြစ်ပါထယ်။

ဒုတိယဝန်ကြီး ဦးဝင်းသန်း ရှင်းလင်း ပြောကြားစဉ်။

မေး။ ယခင်တန်ဖိုးနည်းဖုန်းအဖြစ် ရောင်းချပေးခဲ့တဲ့ GSM နဲ့ WCDMA ဖုန်းတွေကို မရောင်းချဘဲ CDMA-800 MHz ဖုန်းတွေကို ဘာကြောင့်စတင်ရောင်းချပေးပါသလဲခင်ဗျား။

လက်ရှိလိုင်းအင်အားအနေအထားအရ လိုင်းကျပ်တည်းမှုမရှိအောင် အဓိက စဉ်းစားရပါတထ်။ ထခုရောင်းချပေးမထ် တန်ဖိုးနည်း MEC TEL CDMA-800 MHz စနစ်က အသစ်တပ်ဆင်ထားတဲ့ စနစ်ဖြစ်ပြီး စခန်းများကို မြန်မာနိုင်ငံဒေသအထော်များများမှာ ထပ်ဆင်ထားပြီးဖြစ်ပါထယ်။ ဒ့ါကြောင့် မို့လို့ CDMA-800 MHz ဖုန်းထွေကို စတင်ရောင်းချပေးရခြင်းဖြစ်ပါထယ်။ နောက်လထွေမှာ ထခင်တန်ဖိုးနည်းဖုန်းအဖြစ် ရောင်းချခဲ့ထဲ GSM နဲ့ WCDMA ဖုန်းတွေကိုလည်း ငွေကျပ် ၁၅၀၀ နှုန်းဖြင့်ပဲ ထည်သွင်းရောင်းချပေးရခြင်းဖြစ်ပါတယ်။ MEC TEL ကုမ္ပဏီဟာ မြန်မာနိုင်ငံဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်နေတဲ့ ကုမ္ပဏီဖြစ်ပါထယ်။

MEC TEL ကCDMA-800 MHz ကိုသာရောင်းချပေးမှာဖြစ်ပြီး နောင်ရောင်းချပေးမယ့် ဖုန်းတွေကတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရဲ့ GSM နဲ့ WCDMA ဖုန်းထွေဖြစ်ပါထယ်။

မေး။ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးဖို့အတွက် နောင်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တွေကို သိပါရစေ။

ယခုလတ်ထထော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရဲ့ GSM/ WCDMA လိုင်းတွေကို လိုင်းလေးသန်းတိုးချဲ့ဖို့ သတင်းစာတွေကနေ တင်ဒါများခေါ်ယူထားပါတထ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နဲ့ အချို့မြို့ကြီးတွေမှာလိုင်းထွေကျပ်ပြီး ခေါ်ဆိုရခက်ခဲနေတဲ့အထွက် လိုင်းတွေတိုးချဲ့ရမှာ ဖြစ်ပါတယ်။ လိုင်းတိုးချဲ့ခြင်းလုပ်ငန်းကို တင်သာမြင်သာဖြစ်စေဖို့ အခုလိုသတင်းစာတွေကနေ ထင်ဒါခေါ်ယူခြင်း ဖြစ်ပါထယ်။ စနစ်ထကျ ထင်ဒါခေါ်ယူဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်တဲ့အတွက် အချိန်ယူဆောင်ရွက်ရမယ့်လုပ်ငန်းဖြစ်ပါတထ်။ ဒီ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တယ်လီဖုန်းလိုင်း ၁၀ သန်းအထိ တိုးချဲ့တပ်ဆင်သွားဖို့ကိုလည်း စီစဉ်ဆောင်ရွက်နေပါတထ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းထစ်ခုထည်းနဲ့ မဆောင်ရွက်နိုင်တဲ့အတွက် အကျိုးတူပူးပေါင်းဆောင်ရွက်မယ့်လုပ်ငန်းများအနေနဲ့ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ မှာလည်း တယ်လီဖုန်း သိပ်သည်းဆ ၅၀ရာခိုင်နှုန်းအထိ ရောက်ရှိဖို့နဲ့ ၂၀၁၅-၂၀၁၆ မှာ တယ်လီဖုန်းသိပ်သည်းဆ ၇၅ ရာခိုင်နှုန်းအထိဖြစ်လာဖို့ မျှော်မှန်းထားပါတယ်။ အဲဒီအချိန်မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတစ်ခုတည်းသာမက ပြည်ပက သီးခြားအော်ပရေတာ နှစ်ဦးလည်းပါဝင်ပြီး ယှဉ်ပြိုင်ဆောင်ရွက်စေမှာဖြစ်ပါတယ်။ အခုလို ထထ်လီဖုန်းသိပ်သည်းဆကို နှစ်အလိုက်ထိုးချဲ့သွားနိုင်ဖို့ အကောင်အထည်ဖော်ရာမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းထစ်ခုထည်းအနေနဲ့သာ ဆောင်ရွက်ရင် အခက်အခဲရှိနိုင်ထဲအထွက် ပြည်ပက လုပ်ငန်းရှင်တွေကို ဖိတ်ခေါ်သလို ပြည်တွင်းလုပ်ငန်းရှင်များ၊ ကုမ္ပဏီကြီးများနဲ့လည်း လက်တွဲဆောင်ရွက်သွားဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေပါတယ်။

မေး။ ယခင်က မိုဘိုင်းဖုန်းများမှာ ခေါ်ဆိုခပေးချေမှုစနစ် နှစ်မျိုးရှိခဲ့သလို အခုရောင်းချပေးမယ့် တန်ဖိုးနည်းဖုန်းတွေမှာရော ဘယ်လိုပေးချေမှုစနစ်နဲ့ ပေးချေရပါမလဲ။

ဦးအောင်မော်

ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

မိုဘိုင်းတယ်ထိဖုန်းများငွေပေးချေရာမှာ Postpaid၊ Prepaid ဆိုပြီး စနစ်နှစ်မျိုးရှိပါတယ်။ Postpaid ကတော့ ခေါ်ဆိုတဲ့အချိန်ပေါ်မှာခေါ်ဆိုခတွေကို Bill ထွက် ရှိတဲ့အခါမှ ခုနှိမ်ပေးချေတဲ့စနစ် ဖြစ်တယ်။ ဒီစနစ်ကိုလည်း ကြိုတင်ပေးသွင်းပြီး ခနှိမ်လို့ရပါတယ်။ နောက်စနစ်တစ်ခုကတော့ Prepaid စနစ်ဖြစ်ပြီး ငွေဖြည့်ကတ် (Top Up Card)များနဲ့ ကြိုတင်ငွေဖြည့်ပြီးအသုံးပြုတဲ့ စနစ်ဖြစ်ပါတယ်။ ကြိုတင်ငွေဖြည်စနစ်ကြောင့် Bill ပေးဆောင်ရာမှာ အချိန်ကြန့်ကြာခြင်း၊ ကြေးကျန်ကြောင့် ဖုန်းလိုင်းများ ဖြတ်တောက်ခံရခြင်းမရှိဘဲ ပြည်သူတွေလွယ်လင့်တကူ ဝယ်ယူပြည်တင်းခြင်းဖြင့် အဆင်ပြေထွယ်ကူလျက်ရှိပါတယ်။ Postpaid စနစ်ကို ယခင်မိုဘိုင်းဖုန်းများတွင်သာ အသုံးပြုနိုင်ပြီး ယခုတန်ဖိုးနည်းဖုန်းများမှာတော့ Prepaid စနစ်ကိုသာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

မေး။ MEC TEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်းဖုန်းတွေကို နိုင်ငံအနှံ့ အသုံးပြုနိုင်ပါသလား။

MEC TEL အမှတ်တံဆိပ်ပါ တန်ဖိုးနည်း CDMA- 800 MHz တယ်ထိဖုန်းတွေအတွက် တစ်နိုင်ငံလုံးမှာ ရေဒီယိုစခန်းပေါင်း (၂၈၂)ခု တပ်ဆင်ပေးထားပါထယ်။ အဲဒီရေဒီယိုစခန်းတွေရဲ့ ဧရိယာအတွင်းသာ ယူဆောင်အသုံးပြုနိုင်ပါတယ်။ ယခင်မိုဘိုင်းများနည်းတူ ပြည်တွင်း/ပြည်ပကို ခေါ်ဆို အသုံးပြုနိုင်ပါတယ်။ ပြည်တွင်း ခေါ်ဆိုခ တစ်မိနစ်မှာ ကျပ် ၅၀ ဖြစ်ပြီး အဝင်ခေါ်ဆိုမှုအတွက် ငွေကောက်ခံခြင်းမရှိပါဘူး။ ပြည်ပကို တယ်လီဖုန်းခေါ်ဆိုချင်ရင် MEC TEL အမှတ်တံဆိပ်ပါ နိုင်ငံခြားငွေ အသုံးပြုတဲ့ ကတ်တွေကို အသုံးပြုရမှာပြစ်ပါတယ်။ (USD 10$၊ 20$၊ 50$ ကတ်တွေ ဝယ်ယူအသုံးပြုနိုင်ပါတယ်။ ဖုန်းတွေကို တစ်နိုင်ငံလုံးတည်ဆောက်ပြီးစီးတဲ့ စခန်း (၂၈၂) ခုအတွင်း သယ်ဆောင်အသုံးပြုနိုင်ပါတယ်။ ဆက်သွယ်ရေးစနစ်ပိုမိုကောင်းမွန်စေဖို့ စခန်းသစ်များထည်း ထပ်မံတိုးချဲ့တည်ဆောက်နေပါတယ်။

မေး။ အခုချပေးမယ့် CDMA - 800 MHz ဖုန်းတွေမှာ အင်တာနက်လိုင်းရောသုံးလို့ရပါသလား။ သီးသန့်လျှောက်ထားဖို့ လိုပါသလား။

MEC TEL CDMA-800 MHz ဖုန်းတွေမှာ အင်တာနက်လိုင်းမပါရှိသေးပါဘူး။ အသုံးပြုလိုပါက သက်ဆိုင်ရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်/တိုင်းဒေသကြီး မန်နေဂျာရုံးများမှာ မှတ်ပုံတင်ကြေး ငွေကျပ် တစ်သောင်းပေးသွင်းပြီး လျှောက်ထားနိုင်ပါတယ်။ အသုံးပြုခကတော့ တစ်မိနစ် ထေးကျပ်ပြစ်ပါတယ်။

မေး။ MEC TEL CDMA-800 MHz ဖုန်းနဲ့ပတ်သက်ပြီး ပြည်သူတွေက သိလိုတာရှိရင် ဘယ်လိုဆက်သွယ်မေးမြန်းနိုင်ပါသလဲ။

MEC TEL CDMA-800 MHz ဖုန်းနဲ့ပတ်သက်ပြီး သိလိုတာတွေရှိရင် MEC TEL မိုဘိုင်းဖုန်းနဲ့ အထူးတယ်ထိဖုန်းနံပါတ် (Short Code) (၃၄၅၆) ကိုခေါ်ပြီး စုံစမ်းမေးမြန်းနိုင်ပါတယ်။ အခမဲ့မေးမြန်းစုံစမ်းနိုင်ပါတယ်။ အဲဒီအတွက် ငွေပေးရန်မလိုသလို ငွေထဲမဖြတ်ပါဘူး။

မေး။ MEC TEL CDM A-800 MHz SIM Card တွေကို CDMA-450 ဟန်းဆက်မှာ ထည့်သွင်းအသုံးပြုလို့ ရပါသလား။

ယခင်က CDMA-800 စခန်း အနည်းငယ်သာရှိခဲ့တဲ့အတွက် ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်ဖို့ CDMA-450 စခန်းတွေမှာ Roaming ဖွင့်လှစ်ပြီး အသုံးပြုခွင့်ပြုခဲ့ပါတယ်။ အဲဒီအခါမှာ CDMA-450 စနစ်မှာ သုံးစွဲသူများပြားလို့ လိုင်းကျပ်မှုတွေ ဖြစ်ပေါ်ထာပါတယ်။ ယခုအချိန်မှာ အဲဒီလိုင်းကျပ်မှုမျိုးမဖြစ်စေရန် သီးခြားပြောဆိုဖို့ ရည်ရွယ်ပြီး တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။

မေး။ လက်ရှိပြည်သူတွေ အသုံးပြုနေတဲ့ အော်တိုတယ်လီဖုန်း (ကြိုးဖုန်း) တွေကိုရော ဆက်လက်ပြီး ရောင်းချပေးနေပါသေးသလား။

လက်ရှိပြည်သူတွေအသုံးပြုနေတဲ့ ကြိုးဖုန်းများကိုတော့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ အော်တိုအိတ်ချိန်းများရဲ့ လိုင်းလက်ကျန် အနေအထားအရ စိစစ်ဆောင်ရွက်ပြီး ယခင်အတိုင်း ကနဦးတပ်ဆင်ခ ကျပ် ၆၅၀၀၀၀ နှုန်းနဲ့ တပ်ဆင်ပေးသွားမှာ ဖြစ်ပါတယ်။

မေး။ ASEAN Roaming ကို ဘယ်ဖုန်းအမျိုးအစားနဲ့သုံးလို့ ရမလဲ။ ပြည်ပယူသွားရင် GSM ပဲ သုံးလို့ရမှာလားခင်ဗျား။

Roaming ကိစ္စနဲ့ပတ်သက်လို့ ASEAN (၁၀)နိုင်ငံအပြင် ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်နဲ့ ဟောင်ကောင်ထို့နဲ့ Bilateral Roaming Agreement ချုပ်ဆိုပြီး GSM နှင့် WCDMA ဖုန်းတွေကို ပြည်ပနိုင်ငံကနေ မြန်မာနိုင်ငံအတွင်းယူဆောင်၍ (Inbound) အသုံးပြုနိုင်ပါတယ်။ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ (Outbound) ယူဆောင်အသုံးပြုနိုင်ဖို့အတွက်ကတော့ ရန်ကုန်မှာရှိတဲ့ မိုဘိုင်းဆက်သွယ်ရေးဌာနမှာ မှတ်ပုံတင်ပြီး အသုံးဖြုနိုင်ပါတယ်။ Postpaid ဖုန်းတွေ အသုံးပြုနိုင်ပြီး Prepaid ဖုန်းများ အသုံးပြုနိုင်ဖို့အတွက်လည်း ဆက်ထက်ဆောင်ရွက်နေပါတယ်။

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး အင်ဒိုနီးရှားနိုင်ငံသမ္မတနှင့်ဇနီးအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နိုင်ငံတော်သမ္မတဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘမ်ဘန်း ယူဒိုယိုနိုနှင့်ဇနီး မစ္စစ် ဟာဂျာအာနီး ဘမ်ဘန်း ယူဒိုယိုနိုတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဆုတောင်းပတ္ထနာပြု ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုနှင့်ဇနီး မစ္စစ်ဟာဂျာအာနီး ဘမ်ဘန်း ယူဒိုယိုနိုတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ ည ၈ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်သံတမနီဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီ နိုင်ငံတော်တီးဝိုင်းက နှစ်နိုင်ငံနိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်သည်။

ယင်းနောက် နှစ်နိုင်ငံသမ္မတများသည် ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေးအတွက် ဆုတောင်းပတ္ထနာပြုကြပြီး ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ထို့အပြင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲအပြီးတွင် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာရိုးရာ အကပဒေသာများဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံယဉ်ကျေးမှုအဖွဲ့က Saman Dance၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး ရေးသားသည့် “ခိုင်မြဲချစ်ကြည်လက်တွဲမည်” (Membangun Persahabatan) တေးသီချင်းနှင့် အင်ဒိုနီးရှားနိုင်ငံသမ္မတ ဒေါက်တာဆူစီလို ဘမ်ဘန်း ယူဒိုယိုနို ရေးသား၍ မြန်မာတေးသံရှင် ကိုသူရဝင်း သီဆိုသည့် “လွမ်းဆွတ်တမ်းတခြင်း” (Rinduku Padamu) တေးသီချင်းဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနှင့်ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များအား ထတ်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဂုဏ်ပြုညစာစားပွဲနှင့် ပဒေသာတပွဲများသို့ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမင်းလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနှင့်ဇနီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီးလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ဥရောပကော်မရှင်ဥက္ကဋ္ဌထံ သံအမတ်ကြီး ဦးပေါ်လွင်စိန် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၂၄

ဥရောပသမဂ္ဂဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မစ်ရှင်အဖွဲ့အကြီးအကဲ သံအမတ်ကြီး ဦးပေါ်လွင်စိန်သည် ၎င်း၏ခန့်အပ်လွှာတို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဥရောပကော်မရှင် ဥက္ကဋ္ဌ မစ္စတာ ဟိုစေး မန်နျူရယ် ဘာရိုဆိုထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥရောပကောင်စီဥက္ကဋ္ဌထံ သံအမတ်ကြီး ဦးပေါ်လွင်စိန် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၂၄

ဥရောပသမဂ္ဂဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မစ်ရှင်အဖွဲ့ အကြီးအကဲ သံအမတ်ကြီး ဦးပေါ်လွင်စိန်သည် ၎င်း၏ခန့်အပ်လွှာတို ၂၀၁၃ ခုနှစ် ဧပြီ ၁၂ ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဥရောပကောင်စီဥက္ကဋ္ဌ မစ္စတာ ဟာမား ဗန်ရွမ်ပွိုင်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး စာအုပ်စာစောင်နှင့် ဆေးဝါးပစ္စည်းများလှူဒါန်း

ကျိုက်ထို ဧပြီ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် ဇနီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်တို့သည် ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာရှိ သစ်ဆင် ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး စာသင်သံဃာတော်များ အသုံးပြုနိုင်ရန် ဆေးဝါးပစ္စည်းများနှင့် ဝတ္ထုငွေများကို သစ်ဆင်စာသင်တိုက်ဆရာတော်ကြီးထံ သွားရောက်လှူဒါန်းပြီး မြသိန်းတန်စေတီတော်အား ကြည်ညိုဖူးမြော်ပူဇော်ခဲ့ကြသည်။

ဆက်လက်၍ စစ်တောင်းစက္ကူစက်ရုံဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပညာအလင်းအိမ် စာကြည့်တိုက်အတွက် စာအုပ်များ၊ စက်ရုံဝန်ထမ်းများသုံးစွဲရန် ဆေးဝါးပစ္စည်းများ၊ စက်ရုံဝင်းအတွင်းရှိ မူလတန်းကြိုတလေးများအား အာဟာရမုန့်များ လှူဒါန်းပေးခဲ့ပြီး ကျိုက်ပေါလောမဲ့ရှင်တော်ဘုရားအား ဖူးမြော်ကြည်ညိုခဲ့သည်။

တွေ့ဆုံ

ထို့နောက် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ထပ်ငံ့တာဝန်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

နေပြည်တော် ဧပြီ ၂၃

အကျဉ်းထောင်၊ အလုပ်စခန်းများတွင် တိတ်သင့်သော ပြစ်ဒဏ်များတို ကျခံပြီးဖြစ်သည် နိုင်ငံသားအကျဉ်းသား/ အကျဉ်းသူ (၉၀)နှင့် နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူ(၃)ဦး စုစုပေါင်း အကျဉ်းသား/ အကျဉ်းသူ (၉၃)ဦးတို့အား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄(က) နှင့်အညီ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁)အရ ၂၀၁၃ ခုနှစ် ဧပြီ ၂၃ ရက်မှစ၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်းနှင့် နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူတို့အား ပြည်နှင်ဒဏ် ပေးခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ခွင့်ရရှိစေရေးအတွက် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှု အလေးပေးသောအားဖြင့် လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေး၊ နှစ်နိုင်ငံချစ်ကြည်ရေးတို့ကို ရေရှုသောအားဖြင့် လည်းကောင်း၊ လူမှုရေးအရ ငဲ့ညာသောအားဖြင့် လည်းကောင်း အဆိုပါ အကျဉ်းသား/ အကျဉ်းသူ (၉၃)ဦးတို့အား နိုင်ငံတော်၏မေတ္တာနှင့် စေတနာတို့ နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံအကျိုးအတွက် အများဖြည်သူနှင့်အတူ တာဝန် ထမ်းဆောင်သွားနိုင်စေရန် ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဝ့ံ)**

(သတင်းစဉ်)

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်စခန်း၌ ဂက်စ်အိုးပေါက်ကွဲ၍ လေးဦးသေ၊ လေးဦးဒဏ်ရာရ

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ယနေ့မွန်းလွဲပိုင်းက ဂတ်စ်အိုးပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် လေးဦးသေဆုံးကာ လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

မွန်းလွဲ ၂ နာရီ ၂၅ မိနစ်ခန့်တွင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း၊ ပတ္တမြား(၆)ထမ်း အဆောင်(၃၀) ဆိုင်ခန်း(၅)ဒေါ်နီနီဝင်းပိုင် ငွေလမင်းအိမ်ဆောက်ပစ္စည်းနှင့် ဟော်လိုပိုက် အရောင်းဆိုင်တွင် ဆိုင်ရှိအလုပ်သမားတစ်ဦးက ဆိုင်ရှိသံချောင်းများ ဖြတ်ပြီး ဂဝေဆက်စဉ် အနီးရှိ ဂတ်စ်အိုးပေါက်ကွဲမှုကြောင့် ဆိုင်အတွင်းရှိ အမျိုးသားတစ်ဦး၊ ဆိုင်အပြင်ဘက်ရှိ အမျိုးသားနှစ်ဦး စုစုပေါင်းသုံးဦးသေဆုံးပြီး အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးတို့ ဒဏ်ရာများရရှိခဲ့ကြကြောင်း၊ ဒဏ်ရာရရှိသူများအား အင်းစိန်ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသပေးစဉ် တစ်ဦးမှာ ထပ်မံသေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်တွင် ပေါက်ကွဲမှုဖြစ်ပွားစဉ် သေဆုံးသူများမှာ ထွင်ဇော်ဖြိုး(ခ)ဆွပ်ဟဲ (၁၅)နှစ်နှင့် စံစမ်းဆဲ အမျိုးသားနှစ်ဦးတို့ဖြစ်ပြီး အင်းစိန်ဆေးရုံရောက်ရှိစဉ် သေဆုံးသူမှာ မျိုးလွင်ဦး(၂၄)နှစ်ဖြစ်ကြောင်း၊ နေဖြိုးဝေ(၁၆)နှစ်၊ မိုးရန်(၂၂)နှစ်နှင့် မလွင်လွင်နိုင် (၂၈)နှစ် တို့အား အတွင်းလူနာအဖြစ် တင်ပို့ကုသပေးထားကြောင်း၊ မနီနီဝင်း (၂၂)နှစ်မှာ မစိုးရိမ်ရဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်မှ အမှတ် (၁) စစ်တိုင်းမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၃

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ထိုင်းဘုရင့်ကြည်းတပ်မှ အမှတ်(၁) စစ်တိုင်းမှူး Lieutenant General Paiboon Koomchaya ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ် အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ၊ နယ်စပ်ဒေသဝင်/ထွက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှတပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်ကြည်းတပ်မှ အမှတ်(၁)စစ်တိုင်းမှူးနှင့်အတူ ဒုတိယစစ်တိုင်းမှူး Major General Parnuvach Narkavong နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ်စစ်သံမှူး Senior Colonel Prachern Chaiyakit တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်မှအမှတ်(၁)စစ်တိုင်းမှူး Lieutenant General Paiboon Koomchaya အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးသူရသက်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် စစ်သံမှူးများ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၃

ကာကွယ်ရေး ဦးစီးချုပ် (ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး သူရသက်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr.Derek Mitchell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ် တင်အောင်စန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel William C. Dickey နှင့် ရေတပ်စစ်သံမှူးCaptain Sean C. Cannon တို့တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရင်းကာ အကျိုးအာနိသင်ရှိသောဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲကြပ်မတ်လျက်ရှိသည်။

အောက်ဖော်ပြပါ ဆေးများမှာ-မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း (မရှိ)သော ဆေးဝါးများဖြစ်ကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေး အာနိသင် အာမခံချက်မရှိကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ
၁။	Cypro 2 Tablet (Cyproheptadine HC11½ H_2O eq.to Anhydrous Cyproheptadine HCl 2mg)	Lerd Singh P'cal fact.,Ltd, Part Thailand.
၂။	Nifedipine Tablet (10mg)	Lin Fen Bao Zhu P'cal Co., Ltd.
၃။	Rantidine HCl Capsule (Saneryisi တံဆိပ်)	တရုတ်စာသားများဖြင့်သာ ဖော်ပြထားပါသည်။
၄။	Diphenhydramine HCl Injection 20mg/ml	Xinxiangshi Changle P'cal Co., Ltd.
၅။	Aminophylline Tablet	Primary Branch, Hainan P'cal factory Co.,Ltd.
၆။	Aldactone Tablet (Spironolactone 1.p 25mg)	RPG Life Sciences Ltd.

အများပြည်သူတို့အနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ ဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတုစံမည်ဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါး ဥပဒေပုဒ်မ (၁၈)အရတရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဧပြီ ၂၃

ပညာရေးဝန်ကြီးဌာန ပခုက္ကူ ဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ပညာရည်ထူးချွန်သူ ကျောင်းသား ကျောင်းသူများစာရင်းနှင့် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်လျက်ရှိသည့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာထားသည်။

ပညာရည်ချွန်ဆုရရှိသူများမှာ မြန်မာစာဘာသာရပ်တွင် မောင်ဇော်ဝေယံလွင် (ဘ)ဦးမျိုးလွင် အထက(၂) လိုင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မောင်မင်းရင်းသန့် (ဘ) ဦးမင်းကြည်သန့် အထက(၂) သယ်န်းတျုန်း ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ မဉမ္မာမြင့်(ဘ)ဦးမြင့်မောင် အထက လော်ကထား လေးမျက်နှာ ဧရာဝတီတိုင်းဒေသကြီးက တတိယ၊ အင်္ဂလိပ်စာဘာသာရပ်တွင် မောင်သော်စစ်နိုင် (ဘ)ဦးနိုင်ဝင်း အထက(၄)လိုင် ရန်ကုန်တိုင်းဒေသကြီးတ ပထမ၊ မောင်ဖြိုးမောင်ဝင်း(ဘ)ဦးခင်မောင်ဝင်း အတတ(၃) မိရှာ စစ်ကိုင်းတိုင်းဒေသကြီးက ဒုတိယ၊ မခင်ချမ်းမြေ့ (ဘ) ဦးညွန့်ဆွေ အထတ(၄)တောင်ကြီး ရမ်းပြည်နယ်(တောင်ပိုင်း)က တတိယ၊ သင်္ချာဘာသာရပ်တွင် မရင်းသန့်ကြည် (ဘ) ဦးမျိုးအောင် အတတ (၂) လသာ ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မောင်မျိုးမင်းခန့် (ဘ)ဦးဗိုလ်လန်း အထတ (၂) တမာရွတ် ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ မောင်ရဲဝင်းအောင် (ဘ) ဦးဝင်းကြည် အထက(၁)ဒဂုံ ရန်ကုန်တိုင်းဒေသကြီးက တတိယ၊ ဓာတုဗေဒဘာသာရပ်တွင် မောင်သော်စစ်နိုင် (ဘ)ဦးနိုင်ဝင်း အထက(၄)လိုင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ရူပဗေဒ ဘာသာရပ်တွင် မအေးချယ်ရီအောင် (ဘ)ဦးရန်အောင် အတက(၂) လသာ ရန်ကုန်တိုင်းဒေသကြီးတ ပထမ၊ ဇီဝဗေဒဘာသာရပ်တွင် မောင်သော်စစ်နိုင် (ဘ)ဦးနိုင်ဝင်း အထက(၄)လိုင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ပထဝီဝင်ဘာသာရပ်တွင် မနမ့်ဖြိုးပြည်ဝေ (ဘ)ဦးစိန်ဝင်း အထက(ခွဲ)တောက်တဲ့ရိုး ကျုံပျော်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးက ပထမ၊ သမိုင်းဘာသာရပ်တွင် မဝေဝေလင်း(ဘ)ဦးအောင်မင်း အထက ဂန့်ဂေါမြို့နယ် မကွေးတိုင်းဒေသကြီးက ပထမ၊ ဘောဂဗေဒဘာသာရပ်တွင် မောင်အောင်ကျော်စွာ(ဘ)ဦးလိုင်ဝင်း အထက(ခွဲ) ဇောင်းတန်း အင်္ဂပူမြို့နယ် ဧရာဝတီတိုင်းဒေသကြီးက ပထမ ရရှိကြသည်။

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီး မြန်မာစာအဓိကဖြင့် တက္ကသိုလ်သင်တန်း တက်ရောက်နေကြသူများအနက် ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိကြသူများမှာ မမေမြတ်နိုးဦး(ဘ) ဦးသန်းထိုက် မိတ္ထီလာတက္ကသိုလ် မန္တလေးတိုင်းဒေသကြီး၊ မဇာနှင်းဦး(ဘ) ဦးတင်မောင်ထွန်း ရတနာပုံတက္ကသိုလ် မန္တလေးတိုင်းဒေသကြီး၊ မနန်းနွယ်နေနည်နော် (ဘ) ဦးတင့်မြင့်မြတ် မိတ္ထီလာတက္ကသိုလ် မန္တလေးတိုင်းဒေသကြီး၊ မဝေဝေ(ဘ) ဦးသိန်းအောင် ရွှေဘိုတက္ကသိုလ် စစ်ကိုင်းတိုင်းဒေသကြီးတို့ ဖြစ်သည်။

ဆုချီးမြှင့်ပွဲကို ၂၀၁၃ ခုနှစ် မေ ၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Traders ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၅၆၉ နှင့် စိမံရေးရာဌာန ဖုန်း-၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

(သတင်းစဉ်)

စစ်ကိုင်းမြို့၌ မိုးသက်လေပြင်း တိုက်ခတ်

စစ်ကိုင်း ဧပြီ ၂၃

ဧပြီ ၂၂ ရက် ည ၈ နာရီ မိနစ် ၄၀က ရုတ်တရက်မိုးသက်လေပြင်းများတိုက်ခတ်ရာ မြို့ပေါ်ရပ်ကွက်များတွင် သစ်ပင်အချို့လဲကျ၊ သစ်ကိုင်းများကျိုးကျ၊ လျှပ်စစ်မီးတိုင်များ လဲကျပျက်စီးပြီး လျှပ်စစ်မီးများပြတ်တောက်၍ တယ်လီဖုန်းလိုင်းအချို့ ပြတ်တောက်ခဲ့ရသည်။

လျှပ်စစ်ကွန်ကရစ်တိုင်များ လဲကျပျက်စီးရာနေရာများဖြစ်သည့် နန်းဦးမြို့သစ် ရတနာဗိမာန်ကျောင်းရှေ့လမ်းတစ်လျှောက် ပါရမီ၊ ပိုးတန်း၊ ရွှေသမား၊ မင်းလမ်း၊ ပန်းဘဲတန်း၊ တောင်ဇလာကျောင်းတိုက်တို့တွင် စုစုပေါင်း ကွန်ကရစ်တိုင် ၂၉ တိုင်နှင့် အိမ်သုံးမီတာ နှစ်လုံး၊ ပါဝါမီတာ တစ်လုံးတို့ ပျက်စီးသွားပြီး ပိုးတန်းရပ် အောင်မြေလောက ဘုရားဝင်းအတွင်း သစ်ပင်လဲကျ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့ရှိ J-icon ကွန်ပျူတာ ဆိုင်ခန်းပေါ်သို့ သစ်ကိုင်းကျိုးကျ၊ မင်းလမ်းရပ်ကွက်၊ ပန်းဘဲတန်းရပ်ကွက်တို့တွင် သစ်ပင်များလဲကျပြီး ရပ်ကွက်အချို့တွင် သစ်ကိုင်းများ မြတ်ကျခဲ့သည်။

ထိုသို့ လဲကျပျက်စီးသွားသည့် နေရာများသို့ စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့်တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ခင်နှင့် လျှပ်စစ်ကျွမ်းကျင်လုပ်သားများ အဖွဲ့ကလည်းပျက်စီးသွားသည့် ကွန်ကရစ်တိုင်များကို ချက်ချင်းအစားထိုးလဲလှယ် တပ်ဆင်ခြင်းများ ပြုလုပ်လျက်ရှိသည်ကိုတွေ့ရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုရှိခဲ့ပြီး ရာထောင်ရပ်ကွက်မှအမျိုးသားတစ်ဦး သစ်ကိုင်းနှင့် ရိုက်မိသဖြင့် ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေကြောင်း သိရပြီး လူအသေအပျောက် မရှိကြောင်း သိရသည်။

မျိုးဝင်း

❖ကျောဖုံးမှ

မွေးဖွားလာသော ဆင်ငယ်မှာ အထီးဖြစ်ပြီး ကိုယ်ခန္ဓာအမည်းရောင်၊ မျက်လုံးအနက်ရောင်၊ အမြီး တံခါးပိတ်၊ နားလတ်၊ ငှက်ပျောကိုင်းပုံကျောကုန်း၊ ရေ့ခြေသည်း ငါးခု၊ နောက်ခြေသည်းလေးခု၊ အရပ်အမြင့် နှစ်ပေကိုးလက်မ၊ ခန္ဓာကိုယ်လုံးပတ် သုံးပေခုနစ်လက်မရှိသည်။ ဆင်ငယ်မှာ မိခင်နို့ရည်ကို စတင်သောက်စို့လျက်ရှိပြီး မိခင်ဆင်မကြီးနှင့် ဆင်ငယ်တို့မှာ ကောင်းစွာ ကျန်းမာလျက်ရှိသည်။ **(အောက်ပုံ)** ယခင်ကလည်း စတုတ္ထမြောက် ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီမှ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဆင်ဖြူတော်ရတနာ ဇာတကလျာကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေရတနာ ဆင်ဖြူတော်ဆောင်၌ပင် မွေးဖွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုများနဲ့ စီးပွားရေးဖွံ့ဖြိုးမှုတို့အတွက် ပြုပြင်ပြောင်းလဲမှုများစွာ ဖော်ဆောင်ပေးနိုင်ခဲ့

ရန်ကုန် ဧပြီ ၂၄

International Crisis Group မှ ငြိမ်းချမ်းရေးဆုချီးမြှင့်ပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းကို ဗီဒီယိုဖိုင်ဖြင့် ပြသခဲ့သည်၊ အဆိုပါ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည့်-

ကြွရောက်လာကြသော ဂုဏ်သရေရှိလူကြီးမင်းများ ခင်ဗျား

ပထမဦးစွာ ကျွန်တော့်အနေနဲ့ ICG အဖွဲ့နဲ့အတူ Madam Louise Arbour နဲ့ ဆုရွေးချယ်ရေး ဘုတ်အဖွဲ့ဝင်များကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ မစ္စတာလူလာနဲ့ ဂုဏ်ပြုအမှာစကားပြောကြားပေးတဲ့ မစ္စတာ ဂျော့ဆို ရောစ်တို့လည်း ကျေးဇူးတင်ရှိပါတယ်။ ဒီကနေ့ ကျွန်တော်ဒီဆုကို လက်ခံရရှိတဲ့အကြောင်းရင်းဟာ ကျွန်တော်နဲ့ မြန်မာပြည်သူတွေ အတူပူးပေါင်းပြီး ပိုမိုလွတ်လပ်ပွင့်လင်းတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဆီကို လက်တွဲညီညီ ချီတက်ခဲ့ကြလို့ပဲဖြစ်ပါတယ်။

ဒီဆုဟာ ကျွန်တော်တစ်ယောက်တည်းအတွက် မဟုတ်ပါဘူး။ ဒီမိုကရေစီအရေးဝိုင်းဝန်းကြိုးပမ်းခဲ့ကြတဲ့ မြန်မာ့လူအဖွဲ့အစည်းတစ်ခုလုံးရဲ့ကိုယ်စား ကျွန်တော့်အနေနဲ့ ဒီဆုကို လက်ခံရယူတာပဲ ဖြစ်ပါတယ်။ ကျွန်တော်နဲ့ကျွန်တော့် အစိုးရအဖွဲ့ဟာ သက်တမ်းနှစ်နှစ်အတွင်း နိုင်ငံရေးအရ ဖြေလျှော့မှုများ၊ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုများနဲ့ စီးပွားရေးဖွံ့ဖြိုးမှုတို့အတွက် ပြုပြင်ပြောင်းလဲမှုများစွာကို ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲ မှုများစွာကို သမ္မတတစ်ယောက်အနေနဲ့ စွမ်းအားရှိသလောက် ဆောင်ကြဉ်းခွင့်ရတဲ့အတွက်ရော၊ ပြုပြင်ပြောင်းလဲမှုတွေကို ကိုယ်တိုင်တွေ့ကြုံ ပါဝင်ပတ်သက်ရတာတွေရော ကျွန်တော့်အတွက်တော့ ကံကောင်းမှုတစ်ရပ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒီဆုကို ရရှိနိုင်ဖို့အထွက် ကျွန်တော်ဟာ တစ်စိတ်တစ်ပိုင်းအနေနဲ့ပဲ ပါဝင်တယ်ဆိုတာ နားလည်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်နဲ့အတူ လက်တွဲပါဝင်ခဲ့ကြတဲ့သူတွေ၊ အခုလက်ရှိအတူတကွ မျှဝေခံစားပြီး လက်တွဲချီတက်နေကြတဲ့သူတွေ၊ ဆက်လက်ပြီးတော့လည်း ဒီမိုကရေစီခရီးအတွက် လက်တွဲချီတက်ကြဦးမယ့်သူတွေအားလုံးဟာ ဒီဆုနဲ့ သက်ဆိုင်ကြသူများဖြစ်ပါတယ်ဆိုတာကိုလည်း အသိပေးလိုပါတယ်။ ကျွန်တော့်ပြည်သူပြည်သားများအပေါ်မှာ ကျွန်တော့်အနေနဲ့ထားရှိနိုင်ခဲ့တဲ့ မြန်မာနိုင်ငံတော်သစ်ကို ဆောင်ကြဉ်းနိုင်မယ်ဆိုတဲ့ ဒီယုံကြည်ချက်အတွက် ကျွန်တော့်ရင်ထဲက ပျော်ရွှင်မှုအားလုံးကို စကားလုံးအနေနဲ့ ဘယ်လိုမှ မဖော်ပြနိုင်ပါဘူး။

ကျွန်တော်တို့အားလုံးဟာ မှန်ကန်တဲ့လမ်းကြောင်းပေါ်ကို ရောက်ရှိနေကြပါပြီ။ ကျွန်တော်တို့ဖြစ်ချင်တဲ့ လူ့အဖွဲ့အစည်းဖြစ်လာအောင် ကျွန်တော်တို့အားလုံး အစွမ်းကုန် ဆက်လက်ကြိုးစားကြရမယ်ဆိုတဲ့အချက်ကိုလည်း ကျွန်တော့်အနေနဲ့ အစဉ်အမြဲ အမှတ်ရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့အနေအထားအရ အားလုံးပါဝင်တဲ့ နိုင်ငံရေးဖြစ်စဉ်တစ်ခုရရှိဖို့၊ တိုင်းရင်းသားလူမျိုးအားလုံးစုံလင်ပြီး လက်ရှိကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေအားလုံးကို ရင်ဆိုင်နိုင်ဖို့အတွက် အတိတ်က ကြုံတွေ့ခဲ့ရတဲ့ ခါးသီးမှုတွေကို အတူတကွ ပြန်လည်ကုစားကြရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဒီမိုကရေစီဖော်ဆောင်လို့မရနိုင်သလို ဒီမိုကရေစီမရှိဘဲနဲ့လည်း ငြိမ်းချမ်းရေးမရနိုင်ပါဘူး။

ကျွန်တော်တို့ရဲ့ ဒီမိုကရေစီမျှော်လင့်ချက်အသစ်တွေနဲ့ မြန်မာနိုင်ငံကို လာရောက်လေ့လာကြဖို့လည်း အားလုံးကို လိုက်လှဲဝမ်းမြောက်စွာ ဖိတ်ခေါ်ပါတယ်။ ဒီမိုကရေစီဆိုတာ မျှော်လင့်ချက်သက်သက်၊ အတွေးအခေါ်သက်သက်မဟုတ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီ အခြေခိုင်ဖို့အတွက် လိုအပ်တဲ့ အင်စတီကျူးရှင်းတွေ၊ ဒီမိုကရေစီအလေ့အကျင့်တွေကို စတင်တည်ဆောက်နေတာပဲဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့ နှန်းစံတွေဖြစ်တဲ့ ညီမျှမှု၊ တရားဥပဒေစိုးမိုးမှု၊ နိုင်ငံရေးရင့်ကျက်မှု စတာတွေကို ပြုစုပျိုးထောင်နေတာ ဖြစ်ပါတယ်။ ဒီမိုကရေစီကပေးအပ်ထားတဲ့ တစ်ဦးတစ်ယောက်ချင်းစီရဲ့ လွတ်လပ်မှုကို ကျင့်သုံးတဲ့နေရာမှာ တခြားသူတစ်ယောက်ရဲ့အခွင့်အရေးကို မထိပါးမိစေဖို့၊ အနှောင့်အယှက်မပြုမိစေဖို့အတွက်လည်း မိမိတို့အနေနဲ့ အမြင်ကျယ်ကျယ်ထားပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်။

အတိတ်က စိတ်ကူးယဉ်သက်သက်သာဖြစ်ခဲ့တဲ့ ကိစ္စရပ်တွေဟာ ဒီအချိန်မှာတော့ လက်တွေ့ကျကျ အကောင်အထည်ဖော်လို့ရနေပါပြီ။ အရာအားလုံး ဖြစ်နိုင်တယ်ဆိုတဲ့အချိန်တွေကို ရောက်ရှိနေတဲ့အချိန်အခါလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဒီအချိန်တွေမှာ ဖြစ်နိုင်ခြေအားလုံးကို အနာဂတ်အတွက် အကျိုးရှိစေမယ့် လက်တွေ့ကျတဲ့ လုပ်ဆောင်မှုတွေအဖြစ် ပြောင်းလဲနိုင်ဖို့ အလွန်ပဲ အရေးကြီးပါတယ်။

မိမိတို့မြန်မာ့လူ့အဖွဲ့အစည်းကို ပွင့်လင်းတဲ့၊ နိုင်ငံရေးရင့်ကျက်မှုရှိတဲ့၊ အပြန်အလှန်လေးစားတတ်တဲ့၊ အားလုံးပါဝင်နိုင်တဲ့ ခေတ်မီလူ့အဖွဲ့အစည်းတစ်ရပ်အဖြစ်ရောက်ရှိအောင် ကျွန်တော်တို့ အားလုံးစုပေါင်း ကြိုးစားကြရမှာဖြစ်ပါတယ်။ ဒီလိုကြိုးစားတဲ့နေရာမှာ စိန်ခေါ်မှုတွေ၊အခက်အခဲတွေ အများကြီးရှိတာတို့လည်း မိမိအနေနဲ့ သဘောပေါက်တားတဲ့နည်းတူ ပြုပြင်ပြောင်းလဲမှုတွေကို စေတနာမှန်ကန်စွာ၊ စိတ်အားတက်သန်စွာ ဆက်လက်လုပ်ဆောင်နိုင်ဖို့ အားပေးကူညီမယ့် မိတ်ဖက်နိုင်ငံတွေ နိုင်ငံတကာအဖွဲ့အစည်းတွေ အများကြီးရှိတဲ့အတွက်လည်း များစွာအားတက်မိပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးခရီးရှည်ကြီးမှာ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ မြန်မာနိုင်ငံသားတွေနဲ့အတူ ဆက်လက်ရှိနေပေးဖို့လည်း မျှော်လင့်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတကာပဋိပက္ခလေ့လာရေးအဖွဲ့ကပေးအပ်သည့် ငြိမ်းချမ်းရေးဆု လက်ခံရရှိ
ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံတော်သမ္မတကိုယ်စား ဆုတက်ရောက်လက်ခံရယူ

ရန်ကုန် ဧပြီ ၂၄

International Crisis Group မှ ငြိမ်းချမ်းရေးဆုချီးမြှင့်ပွဲကို ဧပြီ ၂၂ ရက် ညနေ ၇နာရီတွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ The Pierre Hotel ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘရားဇီးနိုင်ငံသမ္မတဟောင်း မစ္စတာလူးဝစ်လူးလာတို့က လက်ခံရရှိခဲ့ကြသည်။

ဆုတောင်းပတ္ထနာပြု

အခမ်းအနားတွင် ICG ဥက္ကဋ္ဌ Mr. Thomas R.Pickering နှင့် Fiore Finanial Corporation မှ President& CEO Mr.Frank

ငြိမ်းချမ်းရေးဆု

International Crisis Group မှ ချီးမြှင့်သည့် ငြိမ်းချမ်းရေးဆုအား တွေ့မြင်ရစဉ်။ (သတင်းစဉ်)

Giustra တို့က တက်ရောက်လာကြသူများအား ကြိုဆိုကြပြီး ဆုတောင်းပတ္ထနာပြုကြသည်။

ထို့နောက် ည ၇ နာရီခွဲတွင် ဆုပေးပွဲနှင့် ညစာစားပွဲအခမ်းအနားကိုကျင်းပရာ International Crisis Group ၏ We are the International Crisis Group video clip ကို ပြသသည်။ ထို့နောက် ICG President & CEO;Luise Arbour နှင့် အခမ်းအနားမှူး BBC World news America မှKatty Kay တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ Soros Fund Management LC ဥက္ကဋ္ဌ Mr.George Soros က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အတွက် ဆုပေးအပ်ကြောင်း ကြေညာသည်။ ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ နိုင်ငံတော်အတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဗီဒီယို clip ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ နှုတ်ခွန်းဆက် ကျေးဇူးတင်ရှိကြောင်း မိန့်ခွန်း ဗီဒီယိုကိုပြသပြီး နိုင်ငံတော်သမ္မတကိုယ်စား သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငြိမ်းချမ်းရေးဆုအား လက်ခံရယူကာ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ICG က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဆုချီးမြှင့်ရခြင်းနှင့်ပတ်သက်ပြီး ၂၀၁၁ ခုနှစ် မတ်လတွင် သမ္မတရာထူးကို လက်ခံရရှိပြီးနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြောင်မြောက်သော ပြုပြင်ပြောင်းလဲရေး အစီအမံများကို ချမှတ်ကာ နိုင်ငံအတွက် သမိုင်းဝင်စေမည့် အသွင်ကူးပြောင်းရေးလုပ်ငန်းများကို ဦးစီးဦးဆောင်ပြုခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် အတိုက်အခံ နိုင်ငံရေးအင်အားစုများနှင့် ဆက်ဆံရေး တိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ အတိတ်က ဖိနှိပ်သည့် ဥပဒေများကို ဖျက်သိမ်းပေးခဲ့ကြောင်း၊ ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့သည့် ပြည်တွင်းပဋိပက္ခ ချုပ်ငြိမ်းရေး ဆောင်ရွက်ရာတွင် အောင်မြင်မှုအများအပြားရရှိပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တစ်ဖွဲ့မှလွဲ၍ ကျန်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ အတိတ်ကာလအမွေဖြစ်သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရဦးမည်ဖြစ်ကြောင်း၊ ယင်းစိန်ခေါ်မှုများမှာ ဒေသတိုင်း၌ ရေရှည်တည်တံ့ခိုင်မြဲမည့် ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ တိုင်းရင်းသားလူမျိုးစုများအပေါ် ခွဲခြားမှုပပျောက်ရေး၊ နှစ်ပေါင်းများစွာ အတိုးကျန်နေထိုင်ခဲ့ပြီးနောက် နိုင်ငံတကာသို့ မြန်မာနိုင်ငံ၏ ပွင့်လင်းမှုနှင့်အတူ တွက်ပေါ်လာသော အကျိုးအမြတ်များကို နိုင်ငံသားတိုင်း ခံစားရရှိနိုင်စေရေး စသည်တို့ပင်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြခဲ့သည်။ **(သတင်းစဉ်)**

International Crisis Group မှ ငြိမ်းချမ်းရေးဆု ချီးမြှင့်ပွဲကို အမေရိကန် ပြည်ထောင်စု နယူးယောက် မြို့ The Pierre Hotel ၌ ကျင်းပရာ နိုင်ငံတော် သမ္မတ ကိုယ်စား သမ္မတရုံး ဝန်ကြီး ဌာန ပြည် ထောင် စု ဝန်ကြီး ဦးအောင်မင်း က ငြိမ်းချမ်းရေး ဆုအား လက်ခံရယူ စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိယတ်တရားတော် ဓမ္မပူဇာတေး
၇း၀၀ ပြည်တွင်းသတင်း+မိုးလေဝသ သတင်း
၇း၂၀ မဟော်သဓာ
၇း၃၀ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (မြို့ပြနှင့်ကျေးရွာအဆင့်ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီမှ ကွင်းဆင်းအကဖြတ် အကြိုမြင်ကွင်း)
၈း၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း
၉း၀၀ ပြည်တွင်းသတင်း

နေ့လယ်ပိုင်း

၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၁၂း၂၅ ဖြူ/မည်း ရုပ်ရှင် **ရမ္မက်ဓား** (ပထမပိုင်း) ကျော်ဟိန်း၊ ခင်သန်းနု (ဒါရိုက်တာ-ကိုငြိမ်းငြိမ်း)
၁၃း၀၀ ပြည်တွင်းသတင်း
၁၄း၀၀ ပြည်တွင်းသတင်း

ညနေပိုင်း

၁၅း၀၀ ပြည်တွင်းသတင်း
၁၅း၁၅ အိမ်ရှိသရုပ်ဖွင့် **အချစ်ပြေးလမ်း** (ဇာတ်သိမ်း)
၁၆း၀၀ ပြည်တွင်းသတင်း
၁၆း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၈း၀၀ ပြည်တွင်းသတင်း၊မိုးလေဝသသတင်း
၁၈း၄၅ Road to 27th SEA Game (Yatching)
၁၉း၀၀ ပြည်တွင်းသတင်း
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၂၀း၃၅ ပြည်သူတို့ရဲ့စကားသံ
၂၀း၄၅ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု **လူမှုရေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီမှ တိုင်းဒေသကြီး၊ပြည်နယ်များ ပဏာမရွေးချယ်ထားသူများအား ကွင်းဆင်းအကဖြတ် အကြိုမြင်ကွင်း’’** အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်နိုင်သူဆု (ပုဂ္ဂိုလ်ရေးဆိုင်ရာဆု)
၂၁း၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း My Mind Game My SEA Games

သစ်ပင်စိုက်ပါ ဒီကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတ နိုင်ငံသမ္မတ ဒေါက်တာ ဆူစီလို ဘမ်ဘန်း ယူဒိုယိုနို တို့ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

✳ ကျော်ဖုံးမှ

ဦးဇေယျာအောင်၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမင်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် အင်ဒိုနီးရှားနိုင်ငံသမ္မတနှင့်ဇနီးတို့နှင့်အတူ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှား သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုကြိုဆို

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်လေးများကလည်း နှစ်နိုင်ငံ အလံငယ်လေးများဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထို့နောက် နှစ်နိုင်ငံသမ္မတတို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးရာ၌ နိုင်ငံတော်သမ္မတက အစိုးရသစ်တာဝန်ယူပြီးချိန်မှစတင်ပြီး ပြည်သူများ၏ ဆန္ဒနှစ်ခုဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအခြေအနေ၊ မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် အားလုံးပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးမှုများနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်နိုင်မည့် အလားအလာများကို ရင်းလင်းဆွေးနွေးသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံသမ္မတက အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို အစဉ်တစိုက်ထောက်ခံအားပေးခဲ့မှုအခြေအနေ၊ အနာဂတ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေးနှင့် စွမ်းအင်ကဏ္ဍများ၌ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပဋိပက္ခဖြေရှင်းရေး လုပ်ငန်းစဉ်များကို ထောက်ခံကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

အင်ဒိုနီးရှား နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များထို ထောက်ခံအားပေးသကဲ့သို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ အစိုးရပိုင်နှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံတွင် ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် တိုက်တွန်းသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုပမာဏကိုလည်းလာမည့်နှစ်တွင် ဒေါ်လာသန်း ၁၀၀၀ ထိရောက်ရှိအောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆွေတော်သမ္မတကြီး အဆိုပြုသည် ပူးပေါင်းဆောင်ရွက်နိုင်မည် ကဏ္ဍများနှင့်ပတ်သက်၍လည်း မိမိအနေဖြင့် သဘောတူညီပါကြောင်း၊ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်တွင် ကျင်းပမည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန်နှင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကိုအောင်မြင်စွာ ထမ်းဆောင်နိုင်ရန်တို့အတွက် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ဆွေးနွေးဖြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံသဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Gita Irawan Wirjawan တို့က နှစ်နိုင်ငံဝန်ကြီးဌာနတို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ်ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dr. R. M. Marty M. Natalegawa တို့က နှစ်နိုင်ငံအကြား လုပ်ငန်းရည်မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် အင်ဒိုနီးရှားနိုင်ငံ ထုန်သွယ်ရေးဝန်ကြီးတို့က နှစ်နိုင်ငံဝန်ကြီးဌာနတို့အကြား ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လည်းကောင်း အသီးသီးလက်မှတ်ရေးထိုးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Gita Irawan Wirjawan တို့ နှစ်နိုင်ငံဝန်ကြီးဌာနတို့အကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက အခွန်အခကောက်ခံရမည့် သစ်မာသစ်မျိုးများစာရင်း သတ်မှတ်ကြေညာ

နေပြည်တော် ဧပြီ ၂၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ၂၀၀၈ ခုနှစ် မြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ဇယား(၅) အပိုဒ်(၁၂)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက အခွန်အခကောက်ခံရမည် သစ်မာသစ်မျိုးများစာရင်းကို သတ်မှတ်ကြေညာထားကြောင်း သိရရသည်။

အဆိုပါ ကြေညာချက်အရ ကျွန်းနှင့်သစ်မာသစ်မျိုး ၅၆ မျိုး၏ အခွန်အခများကို ဖြည်ထောင်စုအစိုးရအဖွဲ့က ကောက်ခံမည်ဖြစ်ပြီး ကျွန်းနှင့်သစ်မာသစ်မျိုး ၅၆ မျိုးမှအပ ကျန်ရှိသည် သစ်မျိုး ၁၀၄ မျိုး၏ အခွန်အခများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကောက်ခံမည်ဖြစ်ကြောင်း သိရှိရသည့်။

သစ်မျိုးအားလုံး၏ ထုတ်လုပ်စီမံခန့်ခွဲမှုကို ပြည်ထောင်စအစိုးရကတာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ကျွန်းနှင့်သစ်မာသစ်မျိုး ၅၆ မျိုးအတွက် ရရှိမည်အခွန်ငွေကို ပြည်ထောင်စုအစိုးရသို့ ပေးသွင်းရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတ တောတ်ခံရမည် သစ်မျိုး ၁၀၄ မျိုးအတွက် ရရှိမည့်အခွန်ငွေကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ပေးသွင်းရန် သတ်မှတ်ကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်ဒိုနီးရှားသမ္မတ ဒေါက်တာ ဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုနှင့်ဇနီးတို့ ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုနှင့် ဇနီး မစ္စစ် ဟာဂျာ အာနီး ဘမ်ဘန်း ယူဒိုယိုနိုတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဖြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနှင့်ဇနီးနှင့်အဖွဲ့အား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အမျိုးသမီးငယ်လေးတစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်၍ လည်းကောင်း၊ ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍ လည်းကောင်း၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင်လမ်းဘေး ဝဲ/ယာမှ ကျောင်းသားကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုနှင့် ဇနီး မစ္စစ် ဟာဂျာ အာနီး ဘမ်ဘန်း ယူဒိုယိုနိုတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီးတို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၄) ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးအခမ်းအနားကို မေ ၅ ရက်နံနက် ၉ နာရီတွင် ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှစ်ပတ်လည်အစည်းအဝေးသို့ မွေးမြူရေးနှင့်ရေထုပ်ငန်းဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အသင်းဝင်လုပ်ငန်းရင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ပုစွန်မွေးမြူရေးလုပ်ငန်းရင်များ၊ အအေးခန်းစက်ရုံနှင့် ပြည်ပပို့ထုန် လုပ်ငန်းရင်များ၊ ငါး၊ ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ၊ ကဏန်းလုပ်ငန်းရင်များ၊ ငါးရဉ်လုပ်ငန်းရင်များ၊ အလှမွေးငါးလုပ်ငန်းရင်များ၊ ပညာရင်များ၊ လုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များနှင့် အခြားဖိတ်ကြားသင့်သူများထို ဖိတ်ကြားထားသည်။ အဖွဲ့ချုပ်၏ အသင်းဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြပါရန် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ဖိတ်ကြားထားသည်။

(မြန်မာ့အလင်း)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

စာပေရေချမ်းစင် ခရီးသွားများဝလုံလာစတ်ရှု

ကောလင်း ဧပြီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ မြန်မာမီးရထားဘူတာတွင် ခရီးမထွက်ခွာမီ ခရီးသွားပြည်သူများ အပန်းဖြေဖတ်ရှုရန် ဗဟုသုတများရရှိစေရန် စာပေဖတ်ရှုမှု အလေ့အထကောင်းများရှိစေရန်အတွက် မြန်မာ့မီးရထားရုံပိုင်ကြီး (အထူးတန်း) ဦးစိန်မြင့်၊ လက်ထောက်ရုံပိုင်များက ကြီးကြပ်၍ ဧပြီလက ဘူတာရုံအတွင်း ခရီးသည်များနားနေဆောင်၌ စာပေရေချမ်းစင် ဖွင့်လှစ်ထားရှိခဲ့သည်။

စာပေရေချမ်းစင်တွင် သုတရသစာအုပ်၊ ရုပ်ပြစာစောင်၊ သတင်းစာဂျာနယ်များ စင်တင်ထားရှိပြီး မည်သူမဆိုအခမဲ့ ပင်ရောက်ဖတ်ရှုနိုင်သည်။ အဆိုပါရေချမ်းစင် Book corner သို့ ဧပြီ ၁၉ ရက်က ကောလင်းမြို့စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်(မြင့်မြင့်ထွေး-ကောလင်း)၊ အတွင်းရေးမှူး ဦးပြည်စုံငြိမ်း(ရွှေလင်း-ပြည်စုံ)တို့က သတင်းစာဂျာနယ်စောင်ရေ ၁၀၀ ကို သွားရောက်လှူဒါန်းကြသည်။ ရုပ်နီးရုပ်ဝေးမှ စာနယ်ဇင်းများ ပေးအပ်လှူဒါန်းလိုပါက မြန်မာ့မီးရထားဘူတာ ဖုန်း ဝ၇၅-၄၂၀၁၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝ၃၂)

သဘင်ပညာရှင်များအစည်းအရုံး စည်းဝေး

မန္တလေး ဧပြီ ၂၃

မန္တလေးတိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံး၏ ပထမအကြိမ် ပုံမှန်အစည်းအဝေး (၁/၂၀၁၃) ကို ဧပြီ ၂၂ ရက် မွန်းတည့် ၁၂ နာရီက မန္တလေးမြို့ ၄၂ လမ်း ၈၃ လမ်းနှင့် ၈၄ လမ်းကြားရှိ လောကနတ်ခန်းမ၌ကျင်းပရာ ရေးဦးစွာ မန္တလေးတိုင်းဒေသကြီး သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်မောင်း(ဆိုင်း/မန်းပန်တျာ)က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးနန်းဌေးအောင်က ရေ့လုပ်ငန်းစဉ်များနှင့် ဗဟိုမပေးပို့သော လမ်းညွှန်ချက်များကို ဖတ်ကြားသည်။

ရှင်းလင်း

ထို့နောက် တိုင်းဒေသကြီးအတွင်းရှိ ၂၇ မြို့နယ်မှ တက်ရောက်လာကြသော ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ မြို့နယ်အလိုက် ဆွေးနွေးတင်ပြချက်များအပေါ် ဥက္ကဋ္ဌဦးစိန်မောင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးမြမြင့်အောင် (မြင်းခြံ)တို့က ပြန်လည်ရှင်းလင်းပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တင်မောင်(မန္တလေးကိုယ်ပွား)

(၁၀)ရက် တရားစခန်းအောင်ပွဲ ခင်ဦး၌ကျင်းပ

ခင်ဦး ဧပြီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ အောင်သီရိရပ်ကွက် တမာတော မဟာစည်သာသနာ့ရိပ်သာ ဓမ္မရကိ္ခတ ဓမ္မဗိမာန်တော်ကြီး၌ အကြိမ်(၃၀)မြောက် စုပေါင်းတရားအားထုတ်(၁၀)ရက်စခန်းဖွင့်ပွဲကို ဧပြီ ၂၂ ရက် ၅ နာရီက ကျင်းပရာ ပက်လက်မြို့နယ် ကျီးကန်ကျေးရွာ ရွှေလုံးတော်ကျောင်းတိုက်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသြဘာသ ရွှေဘိုမြို့ကန်းဘောင်ဦးထိပ်ကျောင်း နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တနန္ဒောဘာသ၊ ကျောင်းတိုက်ဦးစီးနာယက ဘဒ္ဒန္တသုဒဿနတို့က သြဝါဒမိန့်ကြားသည်။

အခမ်းအနားတွင် တရားစခန်းဖြစ်မြောက်ရေးနာယက ဦးညိုဝင်းနှင့်ဥက္ကဋ္ဌ ဦးစိန်လင်း၊ အတွင်းရေးမှူး ဦးခင်မောင်မြင့်ဦးဆောင်၍ ယောဂီ ၂၅၈ ဦးတို့က "နှစ်ဟောင်းလွန်မြောက် နှစ်သစ်ရောက်ထွန်းတောက်မင်္ဂလာရှိပါစေ" "ဒိုမေတ္တာစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ" သံပြိုင်မေတ္တာပို့သ၍ တရားစခန်းပွဲကို အောင်မြင်စွာ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

အောင်ခင်း

တံတားဦးငလျင်ဒဏ်သင့် စေတီတော်များပြုပြင်ရန် အလှူရှင်များလိုအပ်လျက်ရှိ

ကျောက်ဆည် ဧပြီ ၂၃

မြန်မာ့ရှေးဟောင်းစေတီတော်များ၊ အဆောက်အအုံများတည်ရှိရာ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်နှင့် အင်းပရေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းမှုများဖြစ်ပေါ်ခဲ့ရာစေတီတော်အချို့အား ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိသော်လည်း အချို့စေတီတော်များ ပြန်လည်ပြုပြင်ရန် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရှိရသည်။

မြေငလျင်ဒဏ်ကြောင့် အင်းပရေးဟောင်းနယ်မြေတွင်းရှိ လောကထိပ်ဦးစေတီတော်ထီးတော် ယိမ်းယိုင်ခြင်းကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းမိသားစုတို့က ပြန်လည်ပြုပြင်ထီးတော်တင်လှူခဲ့ပြီး စန္ဒာမုနိစေတီတော်ကြီးပြုပြင်ခြင်းအား အလှူရှင် သုံးဦးစုပေါင်းပြုပြင်လျက်ရှိကာ မယ်နုအုတ်ကျောင်း မျက်နှာကြက်များ ပျက်စီးခြင်းနှင့် ဗိသုကာလက်ရာများပျက်စီးခြင်းကို ဒေါ်သင်းသင်းမိသားစုက ရှေးဟောင်းလက်ရာများအတိုင်း ပြန်လည်ပြုပြင်ထားရှိပြီးဖြစ်သည်။

ပြန်လည်ပြုပြင်

ထို့အပြင် လောကသရဖူစေတီတော်မြတ်ကြီးအား ကုသိုလ်ရှင်များ စုပေါင်းပြုပြင်ထားပြီး မဟာမင်္ဂလာစေတီပျက်စီးမှုများကို ဦးကိုကိုလေး-ဒေါ်ယဉ်ယဉ်ခိုင်မိသားစု၊ ပဋ္ဌမာလိန္နာစေတီမြတ်ကြီး ပျက်စီးမှုများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့် မိသားစုတို့က ပြန်လည်ပြုပြင်လျက်ရှိသည်။

မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အင်းပမြို့မြန်မာ့ရှေးဟောင်းနယ်မြေရှိ လေးထပ်ကြီးစေတီတော်မြတ်ကြီးအလယ်ပေါင်းကူး ပြိုကျခြင်းနှင့် နံရံများအက်ကွဲကြောင်းဖြစ်ပေါ်မြင်း၊ တံတားဦးမြို့ပေါ်ရှိ ဆေးရိုးဘိုစေတီတော်မြတ်ကြီးပျက်စီးခြင်းများပြုပြင်ရန် အလှူရှင်များ လိုအပ်လျက်ရှိနေသေးကြောင်း သိရှိရသည်။

ထွန်းထွန်းနိုင်

ငလျင်ဒဏ်ခံ စေတီတော်ပြုပြင်ပြီးစီး၍ ထီးတော်တင်

ဝက်လက် ဧပြီ ၂၃

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သော အင်အား ၆ ဒသမ ၈ ရစ်ချ်တာစကေးရှိ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသော စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ပက်လက်မြို့နယ် ဟံလင်းစုံပြကျေးရွာ ညောင်ကိုးပင်ဘုန်းကြီးကျောင်းအတွင်းရှိ ဆုတောင်းပြည့်မင်းဗန္ဓုစေတီတော်အား ၁၉၈၆-၈၇ ခုနှစ်တွင် ကျောင်းဆင်းသော တိရစ္ဆာန်ဆေးကုဆရာပန်များ စုပေါင်းလှူဒါန်းမှုနှင့် ခုနစ်ရက်သားသမီးမိသားစုများမှ စုပေါင်းလှူဒါန်းမှုတို့ဖြင့် ဘက်စုံပြုပြင်မွမ်းမံပြီးစီး၍ ရွှေထီးတော်တင်မင်္ဂလာနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားကို ဧပြီ ၁၉ ရက် နံနက်က အဆိုပါစေတီတော်ရင်ပြင်မဏ္ဍပ်၌ ကျင်းပသည်။

ကျင်းပ

ဆုတောင်းပြည့်မင်းဗန္ဓုစေတီတော်သည် ကုန်းဘောင်ခေတ်လက်ရာ ရှေးဟောင်းစေတီတစ်ဆူဖြစ်ပြီး နှစ်ပေါင်း ၂၀၀ ကျော်သက်တမ်းရှိ၍ စေတီမှာ ဉာဏ်တော်ပေ ၄၀ ရှိကာ ၁၃၁၄ ခုနှစ်က ဒုတိယအကြိမ် ပြန်လည်မွမ်းမံခဲ့ပြီးနောက် ယခုတစ်ကြိမ်ဆိုလျှင် တတိယအကြိမ်မြောက်ဖြစ်သည်။ စေတီတွင် ဘီလူးမျက်နှာဖြင့် ပန်းဆွဲရုပ်ကြွများ၊ လေးဖက်လေးတန်မုခ်ဦးများပါရှိပြီး မုခ်ဦးတွင် နယားနှစ်ကောင်လေကားများပါရှိကာ နယားနှစ်ကောင်ရှေ့တွင် ရွှေဖား(ခေါ်) သူငယ်ရုပ်များပါရှိသည့်အပြင် ထောင့်လေးထောင့်တွင် ခြင်္သေ့ရုပ်များ၊ အရံစေတီများ၊ အတွင်းစိန်တောင်၊ အပြင်စိန်တောင်စသည့် အင်္ဂါရပ်များဖြင့် ပြည့်စုံပါရှိသော စေတီဖြစ်ပြီး အဆိုပါစေတီအား ညောင်ကိုးပင်ဆရာတော်ဘဒ္ဒန္တတေဇနိယက နှစ်စဉ်ပြာသိုလပြည့်နေ့တိုင်း ဗုဒ္ဓပူဇနိယဘုရားပွဲတော်အား ကျင်းပလျက်ရှိကြောင်း သိရှိရသည်။ (ဝဲပုံ)

တင်မောင်(မန်းကိုယ်ပွား)

ဥယျာဉ်မြို့တော်ဖြစ်လာစေရေး မြေယာပြုပြင်မှုစတင်

မန္တလေး ဧပြီ ၂၃

မန္တလေးမြို့တော်ကို ဥယျာဉ်မြို့တော်ဖြစ်ရမည်ဟူသော ရည်မှန်းချက်အရ မြို့တွင်းသစ်ပင်ပန်းမန်များစိုက်ပျိုးမှုများ၊ ကျုံးပတ်လည်လမ်းလယ်ကျွန်းတို့တွင် မြေယာရှင်းလင်း အလှပြုပြင်ခြင်းလုပ်ငန်းများကို မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ သစ်ပင်ပန်းမန်များ စိုက်ပျိုးရာတွင် ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် မြေယာရှင်းအလှထပ်မံဆောင်ရွက်နိုင်ရန် စက်ယန္တရားဖြင့် စီမံဆောင်ရွက်ခြင်းလုပ်ငန်းကို ဧပြီ ၂၂ ရက်က ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ ဆောင်ရွက်လျက်ရှိပြီး အဝိုင်းပတ်ပန်းခုံများ၊ နန်းမြို့ ကျုံးပတ်လည်နှင့် လမ်းလယ်ကျွန်းတို့ရှိ အပင်ကြီးများ ရှင်သန်ဖြစ်ထွန်းစေရေး၊ မြို့တွင်း လမ်းဘေးပဲယာစိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရအပင်များတိုးချဲ့ စိုက်ပျိုးခြင်း၊ မြေကွက်လပ်များတွင် ဥယျာဉ်ငယ်များ တည်ဆောက်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ (အောက်ပုံ)

မြို့တော်အတွင်း သစ်ပင်ပန်းမန်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၏ ပျိုးဥယျာဉ်များတွင် သစ်ပင်ပန်းမန်များ တိုးချဲ့ပျိုးထောင်ပေးလျက်ရှိပြီး မန္တလေးကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ် ပျိုးခြံနှင့် ကန်တော်ကြီးဒေသတွင် အရိပ်ရပင်များနှင့် အလှပင်များကို ပြုစုပျိုးထောင်ကာ မြို့တော်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် လိုအပ်သောနေရာများတွင် ထပ်မံစိုက်ပျိုးပေးလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ကလေးမြို့ရှိ မြို့တွင်းလမ်းများ ကတ္တရာလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်

ကလေး ဧပြီ ၂၃

ကလေးမြို့တွင် ပြင်သာဆိပ်- ကလေး(တက္ကသိုလ်)လမ်းကို ဖေဖော်ဝါရီလမှစ၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်မှ ခွင့်ပြုငွေကျပ်သန်းပေါင်း ၁၄၀ ဖြင့်တိုးချဲ့လျက်ရှိရာ ပထမအဆင့်အနေဖြင့် မိုင်တိုင်အမှတ် ၃/၁ မှ ၆/၃ အထိ (၃ မိုင် ၂ ဖာလုံ)ကို ကျောက်လမ်းခင်းမည်ဖြစ်သည်။ ဘဏ္ဍာနှစ်အသစ်တွင် ကတ္တရာလမ်းအဖြစ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး မိုင်တိုင်အမှတ် ၈/၃ အထိ (တက္ကသိုလ်မုခ်ဦးအထိ)ကို လမ်းသားတိုးချဲ့ဆောင်ရွက်မည်ဖြစ်သည်။

တိုးချဲ့

ယခုအဆိုပါလမ်းသည် အကျယ် ၂၄ ပေ ရှိပြီး လမ်းတစ်ဖက်ကို ၁၂ ပေတိုးချဲ့ခြင်းဖြစ်ကာ လမ်းများအားလုံး ကတ္တရာလမ်းအဖြစ် တိုးချဲ့ခင်းပြီးပါက ကတ္တရာလမ်းအကျယ် ပလက်ဖောင်းဘေးအထိ ၄၈ ပေအကျယ်ရှိလာမည်ဖြစ်ကြောင်း သိရသည်။ (အပေါ်ပုံ)

သျှင်နေမင်း-ဂန့်ဂေါ

မီးဘေးသင့်ခံရသူများအတွက် အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းနိုင်

မန္တလေး မတ် ၂၃

ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် မီးဘေးသင့်ခံရသူများအတွက် အလှူရှင်ကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များမှ အလှူငွေနှင့် အသုံးအဆောင်များကို လာရောက်လှူဒါန်းကြရာ အိမ်ထောင်စု ၁၅၃ စု လူဦးရေ ၆၆၇ ဦးအတွက် ဧပြီ ၂၂ ရက်အထိ လာရောက်လှူဒါန်းမှုများမှာ အလှူငွေကျပ် သိန်းပေါင်း ၂၇၆ သိန်း ၃ သောင်းရှိသည်။ ၎င်းအပြင် အိမ်ထောင်စုများအလိုက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများဖြစ်သည့်စောင်၊ အပတ်အထည်၊ အိုးခွက်ပန်းကန်မှအစ စားသောက်ဖွယ်ရာများ၊ ရေသန့်ဘူးများ၊ ဆီများ၊ ဆန်အိတ်များကို နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိသည်။ အိမ်ထောင်စုတစ်စုလျှင် ဆန်လေးအိတ်နှုန်း ပြန်လည်ပေငှလှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့်အသုံးအဆောင်ပစ္စည်းများ လှူဒါန်းနိုင်ရေးအတွက် ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ် ချီပါအနောက်ရပ်ကွက် သာသနာ့ဂုဏ်ရည်မော်ရုံ၌ ဖွင့်လှစ်ထားသော ယာယီကွပ်ကဲရေးရုံး အလှူငွေနှင့် ပစ္စည်းလက်ခံဌာနသို့ လှူဒါန်းနိုင်ပြီး ဖုန်း-ဝ၉-၂၀၁၆၇၀၆ နှင့် ဝ၉-၂၀၀၃၅၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မီးဘေးသင့်ခံရသူများအတွက် လုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် ချမ်းမြသာစည်မြို့နယ် အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် ရပ်မိရပ်ဖငါးဦး၊ မီးဘေးသင့်ခံရသူခြောက်ဦးတို့ပါဝင်ဖွဲ့စည်းထားသော ကော်မတီကို ဖွဲ့စည်းကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ မီးဘေးသင့်ခံရသူများကို ကိုယ်တိုင်ကိုယ်ကျသွားရောက်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ယာယီကွပ်ကဲရေးရုံး၌ စာရင်းပေးသွင်းကာ ကိုယ်တိုင်ကိုယ်ကျ ကိုယ်ထိလက်ရောက်လှူဒါန်းနိုင်အောင် ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

ဝေဖြိုးအောင်

သစ်တော သစ်ပင် နိုင်ငံချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

သူ့အတွေး သူ့အမြင်

ကြည်လင်မောင်

ကျောင်းသားလူငယ်များ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်ရေး

ကျွန်တော်သည် ခရိုင်အုပ်ချုပ်ရေးအရာရှိတစ်ဦးအဖြစ် နှစ်ကြာရှည်စွာ တာဝန်ထမ်းဆောင်ခဲ့သူ အငြိမ်းစားဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ ပညာရေးဆိုင်ရာ တွေ့ရှိချက်တစ်ခုကို တင်ပြလိုပါသည်။ ကျွန်တော့်အနေဖြင့် ပညာရေးကို စိတ်ဝင်စားသူ၊ လေ့လာခဲ့သူတစ်ဦးလည်းဖြစ်ပါသည်။ အခြေခံပညာကျောင်းများဖြစ်သော မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကကျောင်းအုပ် ဆရာ ဆရာမကြီးများအပေါ်တွင် မူတည်နေကြောင်း တွေ့ရပါသည်။

ကျောင်းအုပ်ဆရာ ဆရာမကြီးအတော်များများသည် ကျောင်းပညာတစ်ခုတည်း ဦးစားပေးဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူများ ဘက်စုံပညာဖွံ့ဖြိုးမှု အားနည်းခဲ့ရပါသည်။ မိဘများတွင်လည်း ဘက်စုံပညာဖွံ့ဖြိုးရေးကို အားပေးသော မိဘအတော်များများပင်ရှိကြောင်း တွေ့ရှိရသည်။

ကျောင်းအုပ်ဆရာ ဆရာမကြီးအတော်များများသည် နွေရာသီဘက်စုံသင်တန်းများ ပြုလုပ်ခြင်း၊ ကျောင်းစာသင်ရာသီတွင် ပညာရေးစုံညီပွဲများ ကျင်းပခြင်းတို့ကို ပြုလုပ်ကြ၍ ဘက်စုံပညာဖွံ့ဖြိုးမှုကို တွေ့ရှိရပါသည်။

ကျွန်တော့်အနေဖြင့် တင်ပြလိုသည်မှာ နွေရာသီသင်တန်းပေါင်းစုံနှင့် ပညာရေးစုံညီပွဲများ မဖြစ်မနေ မလုပ်မနေရ၊ မလုပ်လျှင် အရေးယူရန်ဖြစ်ပါသည်။ နွေရာသီသင်တန်းများ ဖွင့်လှစ်သင်ကြားရေး၊ ပညာရေးစုံညီပွဲတော်များ ပြုလုပ်ရေးတို့ စနစ်တကျ ပြန်လည်စီစဉ်ညွှန်ကြားရန်လိုအပ်ပါသည်။

နွေရာသီ သင်တန်းများတွင် အားကစားသင်တန်းပေါင်းစုံ၊ ပြင်ပစာပေဗဟုသုတ၊ ဆိုကရေးတီး အနုပညာ၊ ပန်းချီပန်းပုပညာ၊ အခြေခံစစ်ပညာသင်တန်း၊ သိုင်းသင်တန်းများ၊ ကျန်းမာရေးဆေးပညာ၊ အိမ်တွင်းမှုပညာများ၊ ကြက်ခြေနီ၊ အရန်မီးသတ်သင်တန်းများ၊ လက်မှုပညာများ၊ ကွန်ပျူတာသင်တန်းများ၊ တိုင်းရင်းသားဘာသာစကားနှင့် နိုင်ငံရပ်ခြားဘာသာစကားများ၊ ယဉ်ကျေးမှုသင်တန်းများ၊ လူမျိုးဘာသာအလိုက် အကျင့်စာရိတ္တပိုင်းဆိုင်ရာ ပညာပေးသင်တန်းများ စသည်ဖြင့် ကျောင်းသားလူငယ်များကို သင်ကြားပေးသင့်ပါသည်။ ကျန်းမာကြံ့ခိုင်မှု အားကစားအဆင့်အတန်း တိုးတက်လာမည်ဖြစ်ပါသည်။ ကျန်းမာရေးကောင်းမှသာ ပညာရေးကို ပိုမိုထူးချွန်စေနိုင်မည်ဖြစ်ပါသည်။ ဘက်စုံပညာသည် ပညာရေးတိုးတက်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တိုးတက်စေနိုင်ပါသည်။

နွေရာသီ သင်တန်းများတွင် သင်္ကြန်မတိုင်မီရက်တို ရက်သတ္တနှစ်ပတ်သင်တန်းများ၊ ပတ်ဝန်းကျင်လေ့လာရေးခရီးများ စီစဉ်ဆောင်ရွက်နိုင်ပါသည်။ သင်္ကြန်ပြီးတွင် တစ်လသင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ပါသည်။ ယခုဖြစ်နေသည်မှာ စာမေးပွဲကြီးပြီး ရက်သတ္တတစ်ပတ်နားပြီး ကျောင်းပညာသင်တန်းများကို ပြင်ပသင်တန်းများအဖြစ် သင်ကြားနေကြပါသည်။ သို့ဖြစ်၍ ကျောင်းသားကျောင်းသူများသည် တစ်နှစ်လုံး ရက်သတ္တတစ်ပတ်နှင့် သင်္ကြန် ၁၀ ရက်သာနားပြီး တစ်နှစ်ပတ်လုံး တစ်နေ့လျှင် ၁၂ နာရီ ပညာသင်ကြားနေကြရ၍ ကျန်းမာကြံ့ခိုင်မှု အားနည်းခြင်း၊ ပညာဉာဏ်ထက်မြက်မှုအားနည်းခြင်း၊ အတွေ့အကြုံဗဟုသုတပိုင်းဆိုင်ရာ အားနည်းခြင်း၊ ယဉ်ကျေးမှုအားနည်းခြင်းများ ကြုံတွေ့နေရပါသည်။ သို့ဖြစ်၍ နွေရာသီအချိန်တွင် ကျောင်းသင်ပညာများအား ကျောင်းတွင်းကျောင်းပြင် လုံးဝ သင်ကြားခွင့်မပြုသင့်ပါ။ လိုအပ်သလို ဥပဒေအမိန့်များဖြင့် ပိတ်ပင်တားဆီးသင့်ပါသည်။

ကျွန်တော်၏ တင်ပြလိုရင်းအချက်မှာ နွေရာသီတွင် ကျောင်းသင်ပညာများ ကျောင်းတွင်း ကျောင်းပြင် လုံးဝမသင်ကြားရေး၊ ဘက်စုံသင်တန်းများ ဖွင့်လှစ်သင်ကြားရေး၊ စုံညီပွဲတော်များ မဖြစ်မနေကျင်းပရေးဖြစ်၍ မိဘပြည်သူများကလည်း ဝိုင်းဝန်းကူညီကြပါရန် ပန်ကြားလိုပါသည်။ သို့မှသာ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်သော ကျောင်းသားလူငယ်များ ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

နှလုံးသားဝယ်ဘုရားတည်ခြင်း စာမေးပွဲကျင်းပမည်

ညောင်ဦး ဧပြီ ၂၃

ညောင်ဦးမြို့တွင် မေတ္တာရှင် (ရွှေပြည်သာ) ဆရာတော်က ကြီးမှူးကျင်းပသည့် နှလုံးသားဝယ် ဘုရားတည်ခြင်း စာမေးပွဲကို ဇွန် ၆ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်းတို့၌ စာဖြေဌာနနှစ်ခုခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖြေဆိုပွဲကို အသက် (၁၆ နှစ်) အောက်နှင့် (၁၆ နှစ်) အထက်ဟူ၍ခွဲခြားထားပြီး အသက် (၁၆ နှစ်)အောက်အတွက် လေ့လာရန် စာအုပ်များမှာ (၁) သရဏဂုံအစွမ်း အံ့မခန်း၊ (၂) သီလအစွမ်းအံ့မခန်း ဖြစ်ပြီး အသက် (၁၆ နှစ်)အထက် လေ့လာရန်စာအုပ်များမှာ (၁)အရှုံးမရှိသောဒသန၊ (၂) မေတ္တာဖြင့် စီးပွားရာခြင်းတို့ဖြစ်ကြောင်း၊ ယင်း လေ့လာရန် စာအုပ်များကို စာမေးပွဲဖြစ်မြောက်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများထံ ဝယ်ယူရရှိနိုင်ကြောင်း၊ စာမေးပွဲဝင်ခွင့်ပုံစံများကိုမူ အခမဲ့ရယူနိုင်ပြီး ဝင်ခွင့်ပိတ်ရက်မှာ မေ ၁၅ ရက် ဖြစ်ကြောင်း သိရသည်။

ကျင်းဝ

ထို့ပြင် စာမေးပွဲအသီးသီးတွင် ထူးချွန်စွာ ဖြေဆိုအောင်မြင်သူများအား မေတ္တာရှင်(ရွှေပြည်သာ) ဆရာတော်က ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်း၊ အထူးဆု ကျပ် ၃၀၀၀၀ နှုန်းဖြင့် ၁၀ ဆု၊ နှစ်သိမ့်ဆု ကျပ် ၂၀၀၀၀ နှုန်းဖြင့် ၁၀ ဆုကို ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲကို ဇွန် ၁၉ ရက် ပုဂံမြို့သစ် သမ္မဒ္ဒရာဇ ရပ်သည် လည်ဂူမော်ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မေးမြန်း

ပြိုင်ပွဲအသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဒေါ်တင်မြလှိုင် (ဦးစီးအရာရှိ) ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖုန်း-၀၉-၂၀၄၂၃၅၂၊ ဦးအောင်ကျော်ဦး ပုဂံမြို့သစ် ဖုန်း-၀၉-၇၀၂၇၇၃၇၆၀၊ ဒေါ်ခင်မာမြ မြို့မကွက်သစ်ရပ် ညောင်ဦးမြို့ ဖုန်း-၀၆၀-၆၀၆၆၄၊ ၀၉-၂၀၄၂၇၄၄ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

သောက်ရေသန့်သုံးစွဲမှု ပညာပေးလုပ်ငန်းများ မိတ္ထီလာ၌ ပြုလုပ်

မိတ္ထီလာ ဧပြီ ၂၃

မိတ္ထီလာ အထက (၅) ရမ်းတဲ ယာယီကယ်ဆယ်ရေးစခန်းရှိ ဒုက္ခသည် မိသားစုများ သောက်ရေသန့် သုံးစွဲမှုနှင့်ပတ်သက်၍ ကျန်းမာရေး အသိပညာပေးဟောပြောခြင်းကို ဧပြီ ၂၂ ရက်က ကျင်းပခဲ့သည်။

ကယ်ဆယ်ရေးစခန်းရှိ ဒုက္ခသည် မိသားစုများအတွက် သောက်ရေသန့်များ လုံလောက်စွာ ဖြန့်ဝေပေးပြီးဖြစ်သကဲ့သို့ ရေသန့်ထည့်စရာ ၂၀ လီတာဆံ့ရေဘူးများကိုလည်း မြန်မာနိုင်ငံကြက်ခြေနီအသင်း အစီအစဉ်ဖြင့် မိသားစုတိုင်း ဖြန့်ဝေပြီးဖြစ်ကြောင်း၊ သောက်ရေသန့်ဘူးများကို သန့်ရှင်းစင်ကြယ်စွာထားရှိရန် လိုအပ်သကဲ့သို့ သောက်ရေသန့်ဘူးများကို ကိုင်တွယ်မည့် လက်များအားလည်း သန့်ရှင်းစင်ကြယ်စွာ ဆေးကြောပြီးမှ ကိုင်သင့်ကြောင်း သောက်ရေသန့်ဘူးထဲမှ ခံယူမည့်သောက်ရေခွက်များကိုလည်း သန့်ရှင်းစွာ ထားရှိရန်လိုအပ်ကြောင်း၊ သို့မှသာ ပူပြင်းသည့် အချိန်အခါတွင် သောက်သုံးရေမှ ဖြစ်ပွားတက်သည့် ရောဂါများ မဖြစ်ပွားနိုင်ကြောင်း သောက်ရေသန့်များကိုလည်း စနစ်တကျသုံးစွဲသောက်သုံးကြရန် လိုအပ်ကြောင်းစသည်ဖြင့် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်အေး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ မိတ္ထီလာ တာဝန်ခံ ဦးနေဦး၊ Save the Children အဖွဲ့မှ ဒေါ်သီဂီဟန်တို့မှ အသိပညာပေးဟောပြောရာ ကယ်ဆယ်ရေးစခန်းရှိ မိသားစုဝင်များက စိတ်ဝင်တစား တက်ရောက်မှတ်သားကြောင်း သတင်းရရှိသည်။ **ချမ်းသာ(ပြန်/ဆက်)**

ပရိတ်ရွတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

မန္တလေး ဧပြီ ၂၃

တတိယအကြိမ် အောင်မြေသာစံမြို့နယ် မေဃဝိရိရပ်ကွက် အန္တရာယ်ကင်း ပရိတ်ရွတ်ပွဲနှင့် အသက် ၈၀ အထက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၂၂ ရက် က ၈၂ လမ်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ပြောကြား

ရေးဦးစွာ သံဃာတော်ငါးပါးက အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်ဦးနှင့် အလှူရှင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အဘိုးအဘွားများအား သက်ကြီးပူဇော်ပွဲကျင်းပရာ လက်အုပ်ချီ ရှိခိုးကန်တော့ကြပြီး ငွေသားနှင့် လှူဖွယ်ပစ္စည်းများပေးအပ်ခဲ့ကြသည်။ အသက် ၈၆ နှစ်ရှိ အဘိုးဦးသန်းဝေ၊ အသက် ၈၈ နှစ်ရှိအဘွားဒေါ်ရွှေမိနှင့်ဒေါ်သန်းသန်းတို့က ဆုတောင်းမေတ္တာစကားပြောကြားကြသည်။

ကန်တော့

သက်ကြီးပူဇော်ပွဲသို့ မတက်ရောက်နိုင်သောအဘိုး၊ အဘွား ၂၀ အား ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖဦးဝင်းမြင့်တို့က အိမ်တိုင်ရာရောက်ကန်တော့ခဲ့ကြကြောင်း သိရှိရသည်။ (၀၂၆)

မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်းပြသ

မန္တလေး ဧပြီ ၂၃

မေ ၅ ရက်တွင် ကျရောက်မည့် (၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်းခွေပြသခြင်းကို ဧပြီ ၂၁ ရက် ည ၇ နာရီက ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အရှေ့ အိမ်တော်ရာ မီးသတ်စခန်း၌ ကျင်းပသည်။

အဆိုပါ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်းသည် ရပ်ကွက်အတွင်းရှိ ပြည်သူများလိုက်နာကျင့်သုံးရမည့် အချက်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ သက်စွန့်ဆံဖျားလုပ်ရပ်များကို သိရှိနိုင်စေရန် ပြသရခြင်းဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှု

ထို့နောက် အကယ်ဒမီဇင်ဝိုင်း၊ ထပ်ဆင့်အကယ်ဒမီ မိုမိုမြင့်အောင်၊ သားညီ၊ မိုးယံဇွန်တို့ပါဝင်သော မီးများအားလုံးငြိမ်းပါစေ ဇာတ်လမ်းပြသရာ ပြည်သူများ ကြည့်ရှုအားပေးကြကြောင်း သိရသည်။ (၀၂၆)

ရွှေဘိုနယ်ထွက်သနပ်ခါးများ အရည်အသွေးကောင်း၍ ရောင်းအားကောင်း

ရွှေဘိုနယ်မှ ထွက်ရှိလာသော သနပ်ခါးများသည် အရည်အသွေးမှာ ထိပ်တန်းအကောင်းဆုံးဖြစ်ပြီး လူကြိုက်အများဆုံး သနပ်ခါးဖြစ်ကြောင်း နေပြည်တော် တပ်ကုန်းဈေးတွင် သနပ်ခါးရောင်းဝယ်သူတစ်ဦးက ပြောကြားသည်။

"ရွှေဘိုကထွက်တဲ့ သနပ်ခါးတွေဟာ အပွေးကလည်းထူ၊ မာလည်းမာ၊ မွှေးလည်းအရမ်းမွှေးတော့ သနပ်ခါးဝယ်သူတွေ အလွန်ကြိုက်ကြပါတယ်။ ကျွန်တော်တို့က ရွှေဘိုကနေ သနပ်ခါးတွေကိုဝယ်ပြီး ပြန်ရောင်းတာပါ။ တစ်လကို အပင်ပေါင်း ၄၀၀ နဲ့ ၅၀၀ ကြားမှာရောင်းချရပါတယ်"ဟု သနပ်ခါးရောင်းဝယ်သူ ကိုမြင့်ဦးက ပြောသည်။

"ကျွန်တော်တို့က သက်တမ်းရင့်တဲ့ သနပ်ခါးကိုပဲ ရောင်းပါတယ်။ ၁၀ နှစ်သက်တမ်းရှိတဲ့ သနပ်ခါးဆိုရင် အပင် ၁၀၀ ကို ငွေကျပ် ငါးသိန်းပေးဝယ်ရပါတယ်။ သက်တမ်းရင့်ရင် ရင့်သလို ဈေးကလည်း ပိုပေးရပါတယ်။ သနပ်ခါးပင်တွေကို အပင်သက်တမ်း ခုနစ်နှစ်မှစပြီး ခုတ်လှဲအသုံးပြုနိုင်ပါတယ်။ အကောင်းဆုံးကတော့ ၁၀ နှစ်သက်တမ်းရှိမှ အပွေးလည်းကောင်း၊ မွှေးလည်း ပိုမွှေးပါတယ်၊ အလုံးအဖန်လည်းကောင်းပါတယ်"ဟု ကိုမြင့်ဦးက ဆက်လက်ရှင်းပြသည်။

ရွှေဘိုနယ်မှ ထွက်ရှိသော သနပ်ခါးများကို ရန်ကုန်နှင့်မန္တလေးကဲ့သို့ မြို့ကြီးများအပါအဝင် အမြို့မြို့ အနယ်နယ်တို့တွင် သနပ်ခါးရောင်းဝယ်သူများက တစ်ဆင့်ပြန်ဝယ်ပြီး ရောင်းချနေကြောင်း သိရသည်။

သနပ်ခါးကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် အများဆုံး စိုက်ပျိုးကြပြီး အပူပိုင်းဒေသပေါက်ပင် တစ်မျိုးဖြစ်သည်။ အထူးသဖြင့် ရွှေဘို၊ မြင်းခြံ၊ ပခုက္ကူ၊ စသောမြို့နယ်များတွင် အများဆုံးစိုက်ပျိုးလေ့ရှိသည်။ ရင်မတောင် သနပ်ခါးမှာလည်း ဈေးကွက်တွင် လူကြိုက်အများဆုံးဖြစ်သည်။

သနပ်ခါးကို အမျိုးသမီးများသာမက အမျိုးသားများပါ လိမ်းလေ့ရှိသည်။ သနပ်ခါးသည် အသားအရေကို ချောမောလှပစေရုံမျှက နေဒဏ်ကို အထိရောက်ဆုံး ကာကွယ်ပေးနိုင်စမ်းရှိသည်။ အရေပြားထိခိုက်ပျက်စီးခြင်းမှ အကောင်းဆုံးကာကွယ်ပေးနိုင်သည်။ အထူးသဖြင့် နေပူထဲတွင် အလုပ်လုပ်ကြသူအများစုသည် သနပ်ခါးလိမ်းကြလေ့ရှိသည်။ နေရိပ်ထဲတွင် နေထိုင်ကြသူများသည် သနပ်ခါးကို ပုံမှန်လိမ်းပေးပါက အသားအရေ ချောမောလှပလာစေနိုင်သည်။

မြန်မာလူမျိုးတို့တွင် သနပ်ခါးကို မွေးကင်းစအရွယ်မှစပြီး လိမ်းလေ့ရှိပြီး မိဘများက မိမိတို့သားသမီးများ ရောဂါဒဏ်ခံနိုင်စေရန် လိမ်းပေးခြင်းဖြစ်ကြောင်း သိရသည်။ သနပ်ခါးကို မြန်မာတို့ ရိုးရာအစဉ်အဆက် သုံးစွဲခြင်းကြောင့် မြန်မာ့ရိုးရာသနပ်ခါးဟုပင် ခေါ်ဆိုကြသည်။ သနပ်ခါးသည် ဆေးဖက်ဝင်အပင်ဖြစ်ပြီး အရေပြားပေါ်ရှိ အဖုအပိမ့်၊ အမည်းစက်များကို သက်သာပျောက်ကင်းစေနိုင်သည်။ (ဝဲပုံ)

သူသူအေး

ပြည်တွင်းသတင်း

ဆီးဂိမ်းအကြို အာဆီယံဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲ

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကား တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကြီး ဂုဏ်သိက္ခာရှိစွာ ကျင်းပအောင်မြင်နိုင်ရေး ကြိုးစားပြင်ဆင်လျက်ရှိရာ မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများအလိုက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ဆီးဂိမ်းပြိုင်ပွဲအကြိုအဖြစ်ကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ လာမည့် မေ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် နည်းစနစ်ကော်မတီ အတွင်းရေးမှူးနှင့် နည်းပြချုပ်ဖြစ်သူ ဦးကျော်သန်းဦးနှင့်တွေ့ဆုံပြီး ပြိုင်ပွဲကျင်းပမှုအနေအထားကို တွေ့ဆုံမေးမြန်းခဲ့သည်။

မေး ။ ။ ဒီပြိုင်ပွဲကျင်းပမယ့် ရည်ရွယ်ချက်ကို ပြောပြပေးပါဦး။

တိုက်ကွမ်ဒိုအားကစားသမားများ အတိုက်၊ ကကွက်များ ပြင်းပြင်းထန်ထန် လေ့ကျင့်ကြစဉ်။

အမေး၊အရေး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ဖြေ ။ ။ မြန်မာနိုင်ငံမှာတော့ ဒီပြိုင်ပွဲကို ပထမဆုံးကျင်းပတာဖြစ်ပါတယ်။ ဆီးဂိမ်းပြိုင်ပွဲအိမ်ရှင်တိုင်းလည်း ဒီပြိုင်ပွဲကို လက်ခံကျင်းပလေ့ရှိပါတယ်။ ဒီပြိုင်ပွဲကျင်းပတာကတော့ မြန်မာနိုင်ငံအနေနဲ့ အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲမှာ အောင်မြင်မှုရရှိရေး၊ အတွေ့အကြုံရရှိရေးနဲ့ ကြုံတွေ့ရနိုင်တဲ့ အခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုအနေနဲ့ ကျင်းပခြင်းဖြစ်ပါတယ်။

မေး ။ ။ ပြိုင်ပွဲဝင်နိုင်ငံတွေနဲ့ ပါဝင်ယှဉ်ပြိုင်မယ့် ကစားသမားဦးရေ ဘယ်လောက်ရှိနိုင်မလဲ ရှင်းပြပေးပါဦး။

ဖြေ ။ ။ ပြိုင်ပွဲက လာမယ့် မေ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပမှာဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ဖို့ စာရင်းပေးထားတဲ့ နိုင်ငံတွေကတော့ ဗီယက်နမ်၊ လာအို၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဘရူနိုင်း၊ ဖိလစ်ပိုင်နဲ့ အိမ်ရှင်မြန်မာတို့ဖြစ်ပါတယ်။ ပါဝင်ယှဉ်ပြိုင်မယ့် ကစားသမားဦးရေကတော့ ဗီယက်နမ်မှ ၉၁ ဦး၊ ဖိလစ်ပိုင်မှ ၆၄ ဦး၊ စင်ကာပူမှ ၃၀၊ အင်ဒိုနီးရှားမှ ၄၂ ဦး၊ မလေးရှားမှ ၃၅ ဦး၊ ဘရူနိုင်းမှ ခြောက်ဦး၊ လာအိုမှ ရစ်ဦး၊ ထိုင်းမှ ၂၀ ခန့်နဲ့ မြန်မာနိုင်ငံက ၇၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။

မေး ။ ။ ပြိုင်ပွဲမှာ အတန်းတွေခွဲထားပြီး ယှဉ်ပြိုင်မယ့် အနေအထားကို သိရှိပါရစေ။

ဖြေ ။ ။ ဒီပြိုင်ပွဲမှာ စီနီယာတန်း၊ ဂျူနီယာတန်းနဲ့ မာစတာတန်း (အသက် ၂၉ နှစ်အထက်)တွေ ပါဝင်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ ဂျူနီယာတန်းမှာ အတိုက်နဲ့ ကကွက်တွေ ယှဉ်ပြိုင်ရမှာဖြစ်ပြီး အတိုက်မှာ အမျိုးသား ၁၀ တန်းနဲ့ အမျိုးသမီး ၁၀ တန်းပြိုင်ရမှာဖြစ်ပါတယ်။ ကကွက်မှာတော့ ငါးမျိုးယှဉ်ပြိုင်ရမှာဖြစ်ပြီး ကျားမတစ်ဦးချင်း၊ ကျားမအသင်းလိုက်နဲ့ နှစ်ယောက်တွဲတွေ ပါဝင်ယှဉ်ပြိုင်ကြရမှာဖြစ်ပါတယ်။ စီနီယာတန်းမှာ ကကွက်နဲ့အတိုက် နှစ်မျိုးယှဉ်ပြိုင်ရမှာဖြစ်ပြီး အမျိုးသားရှစ်တန်း၊ အမျိုးသမီးရှစ်တန်း ပြိုင်ကြရမှာဖြစ်သလို ကကွက်ပြိုင်ပွဲမှာ ငါးမျိုးယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။ မာစတာပြိုင်ပွဲမှာတော့ အသက်(၂၉ နှစ်)အထက် ကကွက်အမျိုးအစားပြိုင်ပွဲကို နည်းပြအဆင့် ပြိုင်ပွဲဝင်တွေ ကကွက်ငါးမျိုးပါဝင်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။

မေး ။ ။ မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်မယ့်အခြေအနေနဲ့ လာမယ့် ဆီးဂိမ်းအတွက် အားကစားသမား ရွေးချယ်မှုအနေအထားကိုလည်း သိရှိလိုပါတယ်။

ဖြေ ။ ။ အခုပြိုင်ပွဲကတော့ မြန်မာက အေနဲ့ ဘီဆိုပြီး နှစ်သင်းယှဉ်ပြိုင်မယ်။ အတွေ့အကြုံကောင်းတွေရရှိစေဖို့နဲ့ လိုအပ် ချက်တွေ ပြင်ဆင်ဖြည့်ဆည်းနိုင်ဖို့အတွက်ပါပဲ။ ဆီးဂိမ်းပြိုင်ပွဲအတွက်တော့ ပြီးခဲ့တဲ့ ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲအပြီးမှာ အမျိုးသား အမျိုးသမီး ၁၂ ဦး ရွေးချယ်ထားပြီး ထိုင်းနိုင်ငံမှာ တစ်လခွဲကြာ သွားရောက်လေ့ကျင့်နေပါတယ်။ အခုပြိုင်ပွဲအပြီးမှာလည်း အတိုက်အတွက် ကစားသမား ၂၀ နဲ့ ကကွက်ပြိုင်ပွဲအတွက် ၁၀ ဦးကို ရွေးချယ်မှာဖြစ်ပါတယ်။

မေး ။ ။ မြန်မာတိုက်ကွမ်ဒို ကစားသမားတွေ ပြည်ပပြိုင်ပွဲတွေ သွားရောက်ဆင်နွှဲဖို့ ရှိလားဆိုတာလည်း ပြောပြပေးပါဦး။

ဖြေ ။ ။ ဂျူနီယာ ကစားသမားတွေထဲက ထူးချွန်တဲ့သူတွေကို ရွေးချယ်ပြီး အင်ဒိုနီးရှားနိုင်ငံမှာ လာမယ့် ဇွန် ၂၃ ရက်တွင် ကျင်းပမယ့် အာရှချန်ပီယံရှစ်ပြိုင်ပွဲမှာ သွားရောက်ဆင်နွှဲနိုင်ဖို့တော့ မျှော်မှန်းထားပါတယ်”ဟု ဖြေသွားသည်။

(မြန်မာ့အလင်း)

ယဉ်ကျေးမှုထိန်းသိမ်းရေး စာပေဟောပြော

လှိုင် ဧပြီ ၂၃

ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကောင်းများ ထိန်းသိမ်းရေး စာပေဟောပြောပွဲကို ဧပြီ ၁၁ရက်က လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သောင်းမြက အမှာစကားပြောကြားပြီး ဆရာမ ဒေါ်စန္ဒာက ရိုးရာဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) မြန်မာစာဌာန လက်ထောက်ကထိက ဒေါက်တာ ဒေါ်သွယ်သွယ်နွဲ့မှ မြန်မာအမျိုးသမီးတို့၏ တန်ဖိုးထားမှုနှုန်းစံအကြောင်း ဟောပြောခဲ့ကြသည်။

(၁၂၂)

တင်းနစ်ပြိုင်ပွဲကျင်းပရန် ခွင့်ပြုထားခြင်းအားပယ်ဖျက် ပြိုင်ပွဲကျင်းပခွင့်ပြုမည့်ရက်အား ထပ်မံအသိပေးမည်

ရန်ကုန် ဧပြီ ၂၃

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်(TFM)နှင့် အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ် (ITF)တို့ ပူးပေါင်း၍ 2013 Davis Cup by BNP Paribas, Asia/Oceania Zone Group III & IV တင်းနစ်ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာဖြင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရန်အတွက် ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ဧပြီ ၄ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ၌ ကျင်းပရာ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တတ်ရောက်ခဲ့ကြသည်။ အိမ်ရှင်နိုင်ငံအဖြစ် သတ်မှတ်ထားသည့် ရက်များတွင် လက်ခံကျင်းပရန် အစီအစဉ်များ ပြုလုပ်ထားသော်လည်း အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၃ ခုနှစ် ဧပြီ ၁၃ ရက်နေ့စွဲပါ ညွှန်ကြားစာအရ ကျင်းပရန် ခွင့်ပြုထားခြင်းအား ပယ်ဖျက်ပါကြောင်းနှင့် ပြိုင်ပွဲ ကျင်းပခွင့်ပြုမည့် ရက်အား ထပ်မံ အသိပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ အကြောင်းကြားစာပေးပို့ထားကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

နွေစပါးအတွက် ယခုနှစ်လျှော့မည်

နေပြည်တော် ဧပြီ ၂၃

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ကျေးရွာများ အနက် ကျေးရွာအနည်းငယ်တွင်သာ ရေရှိပြီး ရွာပေါင်းများစွာ ဆည်ရေ မရရှိ၍ ယခုနှစ်တွင် နွေစပါး သိသိသာသာ အထွက်ကျဆင်းမည်ဖြစ်ကြောင်း သိရှိရသည်။

“အရင်နှစ်တွေကဆို ဆင်သေဆည်က နွေရာသီမှာ ရေအပြည်အဝ ပေးနိုင်တာကြောင့် ကျွန်တော်တို့ တောင်သူတွေ နွေစပါးကို အဓိက ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်တယ်။ ယခုနှစ် နွေစပါးစိုက်ဖို့ စပါးမျိုးတွေ ဝယ်ပြီးမှ သက်ဆိုင်ရာက နွေစပါး ပျိုးမထောင်ကြရန်နှင့် ယခုနှစ်နွေရာသီတွင် ဆည်အတွင်းရေလုံလောက်စွာ မရှိ၍ နွေစပါးမစိုက်ကြရန် ဆော်သြပါတယ်။ နွေစပါးစိုက်မရလို့ အခြားသီးနှံတွေစိုက်တော့လည်း မိုးခေါင်တာနဲ့ ရေမရှိလို ဘာမျှမစိုက်ဘဲ မြေကွက်လပ်ထားခဲ့ရတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ တောင်သူတွေ ဝင်ငွေမရှိတော့ စီးပွားရေးကျပ်တည်းကြတာပေါ့ဗျာ။ နွေစပါးစိုက်မယ်ဆိုပြီးတော့ အစိုးရဆီကနေ ချေးထားတဲ့ငွေတွေ ပြန်ဆပ်စရာမရှိလို ကျွန်တော်တိုကို လုပ်ကျွေးနေတဲ့ ခိုင်းနွားတစ်ရှဉ်းကို ရောင်းပြီး အစိုးရကို ဆပ်လိုက်ရတယ်။ ယခုနှစ် တော်တော်ဆိုးပါတယ်ဗျာ”ဟု တောင်သူတစ်ဦး၏ ရင်တွင်းခံစားချက်ကို ဖော်ပြလိုက်ပါသည်။ ထို့ကြောင့် ယခုနှစ်နွေရာသီတွင် မိုးခေါင်၍ ဆည်ရေမရရှိသော နွေစပါးစိုက်တောင်သူများ စပါးမစိုက်ပျိုးရသောကြောင့် နွေစပါး အထွက်နှုန်း သိသိသာသာ ကျဆင်းနိုင်ကြောင်း သိရှိရသည်။

ကျော်သူပင်း(မြန်မာ့အလင်း)

မုံရွာတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းအတွက် စာမူများပေးပို့နိုင်

မုံရွာ ဧပြီ ၂၃

မုံရွာတက္ကသိုလ်က ကြီးမှူးထုတ်ဝေမည့် နှစ်လည်မဂ္ဂဇင်းအတွက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ပြင်ပကလောင်ရှင်များ ဇူလိုင် ၁၂ ရက်အထိ စာမူများပေးနိုင်ကြောင်း သိရသည်။

နှစ်လည်မဂ္ဂဇင်းအတွက် ကဗျာ၊ ကာတွန်း၊ ဝတ္ထု၊ ပြဇာတ်၊ ဆောင်းပါး၊ အက်ဆေး၊ စာညွှန်းနှင့် အင်္ဂလိပ်စာကဗျာ၊ ဆောင်းပါးများကို ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်နှင့် နေရပ်လိပ်စာအပြည့်အစုံဖြင့် ရေးသားပေးပို့ရမည်ဖြစ်ပြီး ရွေးချယ်ခံရသော စာမူများအတွက် စာမူခနှင့် စာအုပ်လက်ဆောင်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

စာမူများကို မုံရွာတက္ကသိုလ် မြန်မာစာဌာန၊ ကျောင်းသားရေးရာဌာနနှင့် ပါမောက္ခချုပ်ရုံးခန်းရှေ့များ၌ စာမူလက်ခံပုံးများတွင် လွတ်လပ်စွာ ထည့်သွင်းပေးပို့နိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာစာဌာန မုံရွာတက္ကသိုလ်သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

အံ့ကြီးမောင်

ရောင်းမည်
(BRAND NEW)
48" Band Saw + Carriage
42" Band Saw
36" Band saw
လွှသွေးစက်၊ လွှကြိတ်စက်၊
လွှာထိုးစက်နှစ်လုံး။
ဖုန်း-၀၉-၄၃၀၈၃၂၄၄၊ ၀၉-၇၃၂၄၀၆၅၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မြန်ကြားရေးဝန်ကြီးဌာန
ဒုတိယညွှန်ကြားရေးမှူး(လစာနှုန်းကျပ် ၃၉၀၀၀၀-၁၀၀၀၀-၈၄၀၀၀၀)နှင့် အဆင့်တူရာထူးနေရာများအတွက်
အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်ခေါ်ယူခြင်း

[illegible]

ရှမ်းကြက်သွန်နှင့် ကုလားပဲခြမ်း ဈေးနှုန်းမြင့်တက်

ရန်ကုန် ဧပြီ ၂၃

ဘုရင့်နောင် ကုန်စည်ဒိုင်နှင့် ဘဏ်များ ပြန်လည်ဖွင့်လှစ်သည့် ဒုတိယနေ့ ဧပြီ ၂၃ ရက်တွင် ရှမ်းကြက်သွန်ဖြူဈေးနှုန်းနှင့် ကုလားပဲခြမ်းဈေးနှုန်းများ မြင့်တက်လာပြီး စားအုန်းဆီ၊ အာလူး၊ ကြူကုတ်ကြက်သွန်ဖြူ ထန်းလျက်ဈေးနှုန်းများ ကျဆင်းလာသည်ဟု သိရသည်။

မတ်လဆန်းမှစ၍ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်လာသော ရှမ်းကြက်သွန်ဖြူအသစ်များသည် အထွက်နှုန်းနည်းခြင်း၊ လှောင်လက်အဝယ်ရှိခြင်းတို့ကြောင့် သင်္ကြန်ပွဲတော်အလွန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ဝန်းကျင်အထိ မြင့်တက်လာရာ ရှမ်းကြက်သွန်ဖြူဈေးနှုန်းအထက်တွင် ယခုနှစ်အတွင်း ရှိနေသော ကြူကုဘ်ကြက်သွန်ဖြူဈေးထက် မြင့်သွားသည်ဟု ကြက်သွန်ဖြူကုန်သည်များက ဆိုသည်။

သင်္ကြန်မတိုင်မီ ဧပြီ ၁၁ ရက် ရှမ်းကြက်သွန်ဖြူဈေးနှုန်း လက်ကားတစ်ပိဿာလျှင် ငွေကျပ် ၇၀၀-၈၅၀-၁၁၀၀-၁၂၅၀ နှုန်း၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၁၉၀၀ နှုန်းရှိခဲ့သော်လည်း ဧပြီ ၂၃ ရက်တွင် ရှမ်းကြက်သွန်ဖြူ လက်ကားတစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀-၁၃၅၀-၁၅၅၀-၁၇၅၀-၁၉၅၀ နှုန်း၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၁၈၀၀ နှုန်းရှိကြောင်း သိရသည်။ မန္တလေးဒေသဝန်းကျင်ထွက် ဗမာကြက်သွန်ဖြူများမှာ ကြက်သွန်ဖြူတစ်လုံးလျှင် အမြွှာအားဖြင့် ၃၀ ဝန်းကျင်ပါပြီး ရှမ်းကြက်သွန်ဖြူများမှာ အမြွှာ ၁၃ မြွှာဝန်းကျင်သာပါကြောင်း၊ ရှမ်းကြက်သွန်ဖြူဈေးနှုန်းထက် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀ ဝန်းကျင်ဈေးနည်းကြောင်း သိရသည်။

ပြည်ပမလေးရှား စားအုန်းဆီ FOB တစ်တန်လျှင် ၈၂၀ ဒေါ်လာနှုန်း ဧပြီ ၂၂ ရက်တွင်ရှိသော်လည်း ပြည်တွင်းငွေလဲနှုန်းမှာ ၈၉၆ ကျပ်ဖြစ်သဖြင့် ဆိပ်ကမ်းရောက်တစ်ပိဿာ(အရင်းဈေး) ၁၄၃၃ ကျပ် ဖြစ်နေကြောင်း၊ သင်္ကြန်မတိုင်မီ ဧပြီ ၁၀ ရက်တွင် FOB တစ်တန်ဈေး ၈၄၀ ဒေါ်လာနှုန်းဖြစ်ခဲ့သဖြင့် ပြည်ပဈေးတစ်တန်လျှင် ဒေါ်လာ ၂၀ ကျဆင်းသော်လည်း ငွေလဲနှုန်းမြင့်လာ၍ အရင်းဈေးနှုန်းကျဆင်းမှု နည်းကြောင်း၊ ဧပြီ၁၁ ရက်တွင် ပြည်တွင်းစားအုန်းဆီလက်ကားရောင်းဈေးမှာ တစ်ပိဿာငွေကျပ် ၁၄၃၀- ၁၄၃၅ နှုန်းဖြစ်ခဲ့သော်လည်း ဧပြီ ၂၃ ရက်တွင် ဆီထုတ်ယူခွင့် စာရွက် (D.O) တစ်ပိဿာဈေးနှုန်း ငွေကျပ် ၁၄၀၅၊ လက်ငင်းဈေးကွက်တွင် ရောင်းဈေးမှာ လက်ကားတစ်ပိဿာငွေကျပ် ၁၄၁၅နှင့် ငွေကျပ် ၁၄၂၀ နှုန်းဖြစ်ကြောင်း သိရသည်။

ဈေးကွက်သို့ နေ့စဉ် အာလူးပိဿာချိန် တစ်သိန်းငါးသောင်းဝန်းကျင် ဆက်တိုက်ဝင်ရောက်ပြီး ဈေးနှုန်းအမြင့်တွင်ရှိခဲ့သော အာလူးဈေးနှုန်းများ ဧပြီ ၂၃ ရက်တွင် အာလူးပိဿာချိန် တစ်သိန်းဝန်းကျင်သာ ဝင်ရောက်ချိန်တွင် တစ်ပိဿာကျပ်တစ်ရာဝန်းကျင်ဈေးကျဆင်းလာကြောင်း၊ ဧပြီ ၂၃ရက်တွင် အောင်ပန်းအာလူးလက်ကားဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၀၀နှင့် ၆၀၀၊ ၇၀၀၊ ၇၂၀ နှုန်းသာရှိသည်ဟု သိရသည်။ ဧပြီ ၂၂ ရက်တွင် ငွေကျပ် ၄၉၀ မှ ၈၆၀ အတွင်း ဈေးအမြင့်တွင်ရှိခဲ့သည်ဟု ဈေးကွက်မှ သိရသည်။

ကြက်သွန်နီမှာ ပျမ်းမျှနေ့စဉ် ပိဿာချိန် သုံးသိန်းဝန်းကျင်ဝင်ရောက်သော်လည်း ဧပြီ ၂၃ ရက်တွင် ပိဿာချိန်တစ်သိန်းခြောက်သောင်းဝန်းကျင် ဝင်ရောက်ကြောင်း ဈေးနှုန်းမှာ ပြောင်းလဲမှုမရှိဘဲ ဆိပ်ဖြူအမျိုးအစား တစ်ပိဿာ ငွေကျပ် ၃၀၀၊ ၃၄၀၊ ၃၆၀ မြစ်သားအမျိုးအစား ငွေကျပ် ၃၇၅၊ ၄၅၀ နှုန်းရှိကြောင်း သိရသည်။ ထန်းလျက်ဈေးနှုန်းများမှာ ညောင်ဦးဆေးခပ်တစ်ပိဿာ ငွေကျပ် ၇၀၀၊ ပခုက္ကူထန်းကြမ်း တစ်ပိဿာငွေကျပ် ၆၅၀ နှုန်းသို့ ဈေးကျလာသည်ဟု သိရသည်။

တိုးမြင့်

ငရုတ်ဈေးနှုန်းများမှာ အနည်းငယ်မြင့်လာရာ ညောင်ရမ်းမိုးထောင် တစ်ပိဿာလျှင် ၂၀၀၀-၂၁၀၀ နှုန်း၊ ဝါးခယ်မ ငရုတ်ရှည်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀-၁၈၀၀ နှုန်းတိုးမြင့်လာသော်လည်း ဆင်ဖြူကျွန်း ငရုတ်ပွမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀-၄၈၀၀ အတွင်းသာရှိကြောင်း ငရုတ်ပွဲရုံများမှ သိရသည်။

လျှပ်စစ်မီး ဖြတ်တောက်မှုကို အကြောင်းပြု၍ သင်္ကြန်ပွဲတော် ရက်မတိုင်မီ ဈေးတက်လာသော ကုလားပဲခြမ်းဈေးများ ဆက်လက်ဈေးတက်နေရာ ဧပြီ ၂၃ ရက်တွင် တစ်ပိဿာလက်ကားဈေးနှုန်းကျပ် ၁၂၉၀ ဖြစ်နေရာ ဧပြီ ၁ ရက်ဈေးနှုန်းဖြစ်သော တစ်ပိဿာ ငွေကျပ် ၁၁၆၀ နှုန်းနှင့် နှိုင်းယှဉ်လျှင် တစ်ပိဿာ ငွေကျပ် ၁၃၀ မြင့်တက်လာသည်ဟု ပဲကုန်သည်များမှ ဆိုသည်။

ခင်ဆိုင်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တန်ဖိုးနည်းမိုဘိုင်းဖုန်းများ မဲစနစ်ဖြင့်ဆောင်ရွက်

တာချီလိတ် ဧပြီ ၂၃

တန်ဖိုးနည်း CDMA-800 MHz မိုဘိုင်းဖုန်းများကို တာချီလိတ်ခရိုင်အတွင်းရှိ ပြည်သူများသို့ ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် ရောင်းချခြင်း အစီအစဉ်အား ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လေလာသူများ၊ သတင်းမီဒီယာများနှင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးက ပြည်သူများသို့ မဲစနစ်ဖြင့် လွတ်လပ်စွာရောင်းချပေးမည့်အစီအစဉ်အား ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအနက်မှ ရွေးချယ်လိုက်သော ကိုယ်စားလှယ်များက မဲစာရွက်များအား စစ်ဆေးကြကာ မဲပုံးအတွင်းသို့ ထည့်သွင်းပေးသည်။ ထို့နောက် တန်ဖိုးနည်းဖုန်းလျှောက်လွှာရှင်များကိုယ်တိုင် မဲနှိုက်ကာ ကံထူးရှင်ရွေးချယ်ပေးကြသည်။**(အပေါ်ပုံ)**

တာချီလိတ်ခရိုင်အတွင်း ပထမသုတ်အဖြစ် တန်ဖိုးနည်း CDMA-800 MHz မိုဘိုင်းဖုန်း အလုံးရေ ၇၀၀ အား သုံးစွဲခွင့်ရရှိမည်ဖြစ်ရာ တပ်မတော်မိသားစုများအတွက် အလုံးရေ ၅၀၊ CDMA-800 MHz မိုဘိုင်းဖုန်းစခန်းများတွင် အသုံးပြုရန် သုံးလုံးတို့မှအပ ကျန် ၆၄၇ လုံးအား မဲစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး လျှောက်ထားသူ ၉၄၀ ရှိကြောင်း သိရှိရသည်။

အောင်ဖြိုးရှိန်(မြန်မာ့အလင်း)

မြို့နယ်အချို့၌ လေပြင်းများ တိုက်ခတ်

နတ်မောက် ဧပြီ ၂၃

ဧပြီ ၂၂ ရက် ည ၇ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ လူနေအိမ်များနှင့် ဇရပ်တစ်လုံး စက်သုံးဆီအရောင်းဆိုင်များ ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးမရွာသွန်းမီ လေများ ပြင်းထန်စွာ တိုက်ခတ်ခြင်းကြောင့် ကံသာကျေးရွာမှ နေအိမ်များ၊ ကံကြီးရပ်မှနေအိမ်များ၊ တိုးချဲ့ရပ်ကွက်မှ လူနေအိမ်များ၊ နတ်မောက်မြို့အဝင် ပျော်ဘွယ်-နတ်မောက် ကားလမ်းရှိ နတ်မောက်မြို့ ဆိုင်းဘုတ်အနီး ဇရပ်တစ်လုံး၊ ဇော်ကြီးပန့်ဆိုင်၊ စက်သုံးဆီရောင်းဝယ်ရေးဆိုင်များ ပျက်စီးသွားသည်။ **နတ်မောက်သား**

စစ်ကိုင်း ဧပြီ ၂၃

စစ်ကိုင်းမြို့တွင် ဧပြီ ၂၂ ရက် ည ၇ နာရီ ၄၅ မိနစ်က မိုးသက်လေပြင်းများကျရောက်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့ပေါ်ရပ်ကွက်များရှိ သစ်ပင်ကြီးများ လမ်းပေါ်သို့ ကျိုးကျခြင်း၊ လမ်းမီးတိုင် တချို့ခါးတစ်ဝက်မှ ပြတ်ထွက်သွားခြင်းအပြင် နေအိမ်များ သွပ်မိုးလန်သွားခြင်းတို့ဖြစ်ကာ ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က လမ်းပေါ် ပိတ်ဆို့သည့် သစ်ကိုင်းများကို လျှပ်စစ်၊ စည်ပင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့နှင့် ညတွင်းချင်း ရှင်းလင်းပေးခဲ့ကြောင်းသိရသည်။ **(၁၄၈)**

ဧပြီ ၂၃ရက်က ပဲခူးမြို့မှ မော်တော်ယာဉ်များ၊ ဖောကားများ၊ ထော်လာဂျီများနှင့် သုံးဘီးဆိုင်ကယ်များအား သက်ဆိုင်ရာက ယာဉ်များစည်းကမ်းရှိစေရန် ဆောင်ရွက်နေသည့်ကြားမှ ဖောကားတစ်စီး ဇနူလလမ်းမပေါ်တွင် သဲများအား မတန်တဆတင်ဆောင်၍ သဲများပြန်ချရာတွင် ရှေ့ဘီးနှစ်ဘီး လွတ်ပြီး ထောင်နေစဉ်။ (သန့်စင်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းလုပ်ငန်းများ ဆောင်ရွက်

မြိတ် ဧပြီ ၂၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြို့ပတ် ၁ လမ်းဖြစ်သည့် ကလွင်၊ ကရက်၊ တောင်ပြို့ရွာလမ်း ၂ မိုင်နှင့် မြို့ပတ် ၂ လမ်းဖြစ်သည့် ရှမ်းချောင်း၊ ရွှေဒုံးရွာလမ်း ၂ မိုင် ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်၍ နိုင်မင်းကုမ္ပဏီက စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလမ်း ပြီးစီးပါက မြိတ်မြို့တွင်းသို့ ကျေးရွာများမှ ရာသီမရွေး အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **ကိုသန့်(မြိတ်)**

အများသိစေရန်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ကံပိုင်ရပ်ကွက်၊ နီးကြားရေးလမ်း၊ အမှတ် ၄၇၅၊ မြေကွက်အမှတ် ၈၁ ဟုခေါ်တွင်သော နေအိမ်ခြံမြေမှာ ဦးသန်းမင်းအမည်ဖြင့် မြေငှားဂရန်ရရှိ လက်ရှိပိုင်ဆိုင်နေထိုင်သော နေအိမ်ခြံမြေဖြစ်ပြီး၊ ဦးသန်းမင်းလက်ရှိနေထိုင်ပိုင်ဆိုင်သည်ကို သက်ဆိုင်ရာရုံးဌာနအသီးသီးတို့က ဦးသန်းမင်း၏ ပိုင်ရေးဆိုင်ခွင့် နေထိုင်ခွင့်မရှိတော့ကြောင်း နေအမခြံမြေမှ ဖယ်ရှားထွက်ခွာပေးရန် အကြောင်းကြားဆောင်ရွက်ခြင်း တစ်စုံတစ်ရာမျှ မရှိပါဘဲလျက် ထင်ယောင်ထင်မှားဖြစ်စေရန် ဆောင်ရွက်ခြင်း၊ ဦးသန်းမင်းဂုဏ်သိက္ခာ ညှိုးနွမ်းစေရန် ပြုမူခြင်း၊ ပိုင်ရေးဆိုင်ခွင့်ကို ထိပါးနှောင့်ယှက်ခြင်းများ မပြုလုပ်ရန် တားမြစ်အပ်ပါသည်။ အကယ်၍ ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှမြင့်(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၅ပ၊ ပထမထပ်၊ D2 ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ **သူရိန်မင်းထက်မိသားစုရောင်းဝယ်ရေး** ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ၁၀၄၃/၂၀၁၀-၂၀၁၁နှင့် ထသကကတ် ၂၆၈၆၆ တို့သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။**ဖုန်း-၀၂-၃၅၅၆၅၊ ၀၉-၂၀၅၀၈၉၉၊ ၀၉-၂၀၀၅၄၈၈**

ပျောက်ဆုံးကြောင်း

ကျွန်မ မထိုက် ၈/ပခက(နိုင်)၀၂၅၄၃၆ ၏ ပတ်(စ)ပို့စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၃၀၅၉၂

ငှားရန်

ဘုရင့်နောင်လမ်းမကြီးပေါ် ပွဲရုံတန်း၊ CB ဘဏ်ဘေး၊ မြေညီ၊ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်။

ဆက်သွယ်ရန် ဖုန်း-၀၁-၅၁၂၉၄၆၊ ၀၉-၅၀၁၆၃၆၉

ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂Y၊ မြေကွက်အမှတ် V ၃၅၇၊ မြေကွက်တည်နေရာအမှတ် ၅၅၊ ဘုန်းကြီးလမ်း ဒေါ်ငွေမြိုင်အမည်ပေါက် နှစ် ၆၀ဂရန်မြေငှားစာချုပ် (ဂရန်)မြေအား အမည်ပေါက် ဒေါ်ငွေမြိုင်နှင့် ၎င်း၏ခင်ပွန်း ဦးရင်တို့ ကွယ်လွန်သဖြင့် ဒေါ်ခင်မြဝင်း ၁၂/ဗဟန(နိုင်)၀၄၇၆၃၆၊ ဦးစန်ထွန်းဝင်း ၁၂/ကတတ(နိုင်)၀၂၅၇၅၊ ဦးခင်မောင်ဝင်း ၁၂/လမတ(နိုင်)၀၁၄၇၅၈တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မွေးနေ့ဆုတောင်း

သားသားလေး လွင်နောင်မြင့်ဝေ (Buddy) ၏ ၂၄-၄-၂၀၁၂ ရက်တွင် ကျရောက်သော (၁၁)နှစ်ပြည့်မွေးနေ့မှသည် အသက်ရာကျော်တိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာအကျိုး၊ နိုင်ငံ့အကျိုး၊ မိသားစုအကျိုးတို့ကို ထမ်းဆောင်နိုင်သော သားကောင်းရတနာဖြစ်စေရန် ဆုတောင်းလျက်-

ချစ်ဘိုးဘိုး - ဦးမြင့်ဝေ(ဥက္ကဋ္ဌ) Wa Minn Group of Companies
ချစ်ဖေဖေ - ဦးခွန်နောင်မြင့်ဝေ (Managing Director) Wa Minn Group of Companies
ချစ်မေမေ - ဒေါ်အထွာဝါလင်းဦး
ချစ်လေးလေး - ဦးနောင်ခွန်မြင့်ဝေ-ချစ်အန်တီအိ
ချစ်ကိုကိုကြီး - ထိပ်ခွန်နောင်မြင့်ဝေ

အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်း

ပဲခူးမြို့၊ တွဲဖက်မြို့နယ်တရားသူကြီး(၁)ရုံး၊ တရားမကြီးမူလမှုအမှတ် ၅၉/၂၀၁၂ အမှုအတွက် ဒေါ်ငြိမ်းငြိမ်းဝင်း၊ အစန(နိုင်)၁၀၇၇၈၄မှ ဒေါ်စန်းမြင့် ၁၂/ပဘတ(နိုင်)၀၁၅၈၄၅၊ အမှတ် ၃၄၅၊ မြေညီလပ် ဗိုလ်စွန်ပတ်လမ်း၊ အမှတ် (၁၀)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေသူအား နိုတာပဗ္ဗလစ် S.K GHOSH ရှေ့တွင် ၂၃-၆-၂၀၁၂ ရက်၌ အထူးကိုယ်စားလှယ်လွှဲစာ ပေးအပ်ခဲ့ပါသည်။ ဒေါ်ငြိမ်းငြိမ်းဝင်းသည် ဒေါ်စန်းမြင့်အား လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပယ်ဖျက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ငြိမ်းငြိမ်းဝင်း
အမှတ် ၆၂၊ သာယာကုန်းလမ်း၊
နံ့သာကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ (ဒုတိယဗိုလ်မှူးကြီးအုန်းသိန်း-လေ)နှင့် ဒေါ်တင်စန်းဝင်း တို့သား မောင်သန့်ဇော်ထိုက်(ဂျမ်ဘို) ၁၂/မဘန(နိုင်)၀၈၅၃၅၂အား ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မိခင်-ဒေါ်တင်စန်းဝင်း ၉/မတလ(နိုင်)၀၀၉၉၀၂

နိုင်ငံတကာအားကစားသတင်း

ချယ်လ်ဆီးတို့ ခြေကုန်ထုတ်ရဦးမယ့် ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲပထမအကျော့

ရိုးမြင့် လင်းလက် ရေးသားသည်

အရေးကြီးတဲ့ပွဲတွေကို ဆက်ကိုက်ဆင်နွှဲနေရတဲ့ ကမ္ဘာ့ထိပ်တန်းတလပ်တွေနဲ့ ယှဉ်ပြိုင်အားထုတ်နေမှုကို ဒီသီတင်းပတ်မှာတော့ ပရိသတ်တွေ စိတ်တိုင်းကျ ကြည့်ရှုခံစားနေကြရပြီဖြစ်ပါတယ်။ ချန်ပီယံလိဂ်၊ ပရီမီယာလိဂ်နဲ့ အခုလာမယ့် ဧပြီ ၂၆ ရက်မှာ ယှဉ်ပြိုင်မယ့် ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲတွေက ပရိသတ်တွေအကြိုက် ခံစားမှုရသအသစ်တွေပေးနေတာမို့ ယူရိုပါလိဂ်ပထမအကျော့ပွဲစဉ်မှာ ဘယ်အသင်းတွေ အောင်ပွဲခံမယ်ဆိုတာ ကြိုတင်ရင်ခုန်ကြည့် ရရင်တော့…။

ဘေဆယ်နှင့် ချယ်လ်ဆီး

ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ခြေကုန်ထုတ်ခဲ့ရတာမို့ ချယ်လ်ဆီး ကစားသမားတွေ ပွဲပန်းနေကြတာ တော့ အမှန်ပါပဲ၊ ကစားအားဝက် နေပေမယ့် ရလဒ်ကောင်းအောင် စွမ်းဆောင်ဖို့ လိုအပ်ချက်ရှိနေဆဲ ဖြစ်လို့ ချယ်လ်ဆီးကို ဘေဆယ်တို့ အိမ်ကွင်းမှာ ပညာပေးလေမလား ဆိုတာ တွေးပူစရာဖြစ်နေပါတယ်။ ဘေဆယ်ရဲ့အိမ်ကွင်း နောက်ဆုံးသုံး ပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဘေဆယ်တို့သုံးပွဲစလုံး အနိုင်ယူထား ပါတယ်၊ ဘေဆယ်ဟာ ယူရိုပါလိဂ် ၁၆ သင်းအဆင့်မှာ ဇင်းနစ် အသင်းကို နှစ်ကျော့စလုံးအနိုင် ကစားခဲ့ပြီး စပါးအသင်းကိုလည်း နှစ်ကျော့စလုံး ခြေစွမ်းပြကစားနိုင် ခဲ့ကာ အကြိုဗိုလ်လုပွဲအထိ တက် လှမ်းလာသာဖြစ်ပါတယ်။ ဆွစ်ဇာ လန်ကလပ် ဘေဆယ်ဟာ အင်္ဂလန် ကလပ်အသင်းတွေကို ပြက်သားလဲ့ အသာစီးရရှိထားမှုနည်းခဲ့ဘာတော့ အမှန်ပါပဲ၊ ဒါ့အပြင် ဘေဆယ်ဟာ အိမ်ကွင်းမှာ ပုံမှန်ဂိုးသွင်းနိုင်စွမ်းရှိ လဲ့ခြေစွမ်းရှိသာမို့ ချယ်လ်ဆီးတို့ သတိထားရဝါလိမ့်မယ်၊ ဘေဆယ် ဟာအသင်းလိုက်ကစားအားကောင်း ပြီး ရွေ့ လယ်၊ နောက်တန်းအား မှုတဲ့အသင်းဖြစ်တာမို့ ချယ်လ် ဆီးတို့အတွက် ခြေကုန်ထုတ်ရမှာ ဖြစ်ပါတယ်၊ ဘေဆယ်ဟာ အကြို ဗိုလ်လုပွဲရောက် အသင်းတွေထဲမှာ တစ်သင်းတည်းသော ပြည်တွင်း အမှတ်ပေး ချန်ပီယံအသင်းလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးတို့ကတော့ ဖလား လက်မဲ့အဖြစ် မရောက်ရှိစေဖို့အတွက် နည်းပြတင်နီတက်ဖ်အပါအဝင် ကစား သမားတွေ အစွမ်းကုန်ကြိုးစားနေ ကြတာမို့ အခုပွဲမှာလည်း ရေကုန်ရေ ခန်းကစားကြပါလိမ့်မယ်၊ ချယ်လ်ဆီး ကိုက်စစ်မှူးတောရက်စ်ရဲ့ ယူရိုပါလိဂ် ခြေစွမ်းပြနိုင်မှုအပေါ် သက်ဝင် လှုပ်ရှားမယ့် ချယ်လ်ဆီးရဲ့ စွမ်း ဆောင်ရည်ကို စောင့်ကြည့်ရမှာဖြစ် ပါတယ်။

ဖီနာဘာချီနှင့် ဘင်ဖီကာ

ထူရကီကလပ် ဖီနာဘာချီဟာ ပေါ်တူဂီကလပ်ဘင်ဖီကာကို အိမ် ကွင်းမှာ ခက်ခက်ခဲခဲကစားရဖို့ရှိ နေပါတယ်။ ဖီနာဘာချီဟာ ဒီနှစ် ထဲမှာ ဥရောပပွဲစဉ်ခြေက်ပွဲ ကစား ခဲ့တဲ့အခါ ရှုံးပွဲမရှိခဲ့ပါဘူး၊ ဘင်ဖီကာ တို့ကလည်း အဝေးကွင်း ခြောက်ပွဲ မှာရှုံးပွဲမရှိခဲ့တာမို့ အခုပွဲဟာကြည့် ကောင်းမယ့်ပွဲပါပဲ၊ သမိုင်းကြောင်း ကိုကြည့်ရင်တော့ ဘင်ဖီကာတို့က ဖီနာဘာချီကို ခုနစ်ဂိုးပြတ် သွင်းယူ သားလဲ့ မှတ်တမ်းရှိတာမို့ ဒီပွဲမှာ အဲဒီသမိုင်းကြွေးကို ပြန်ဆပ်နိုင်မလား ဆိုတာ စိတ်ဝင်စားစရာကောင်းနေဝါ ထယ်။ ဒါပေမယ့် နှစ်သင်းစလုံးရဲ့ ခြေစွမ်းပိုင်းကိုကြည့်ရင် ကွာဟချက် မကြီးမားသာမို့ ပထမအကျော့မှာ အသာစီးရယူနိုင်ဖို့ နှစ်သင်းစလုံး အားထုတ်ကြမှာမို့ ရလဒ်ပိုင်းမှာ ဟန်ချက်ညီမျှသွားနိုင်ပါတယ်။ ။

မန်ယူရာသီမကုန်မီ ဖလားပိုက်ပြီ

အင်္ဂလိပ် ပရီမီယာလိဂ်ပွဲစဉ်(၃၄) အဖြစ် မန်ယူနှင့် အက်စ်တွန်ဗီလာတို့ ဧပြီ ၂၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ယူက သုံးဂိုးပြယ်ဖြင့် နိုင်ပြီး မန်ယူတို့အကြိမ်(၂၀)မြောက်ပရီမီယာလိဂ်ဖလားကိုလက်ဝယ်ပိုင်ပိုင် ဆွတ်ခူးသွားခဲ့ပြီဖြစ်သည်၊ မန်ယူအတွက် အနိုင်ဂိုးသုံးဂိုးစလုံးကိုတိုက်စစ်မှူး ဗန်ပါစီက ဟက်သရစ်သွင်းခဲ့သည်။ (အပေါ်ပုံ)

ယင်းဖလားသည် ဗန်ပါစီအတွက် ပထမဆုံးသော ပရီမီယာလိဂ်ဖလား ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့် နွေရာသီက အာဆင်နယ်မှ မန်ယူသို့ ပေါင် ၂၄သန်းဖြင့်ရောက်ရှိလာခြင်းဖြစ်သည်။၎င်းဖလားသည်နည်းပြဖာဂူဆန် အတွက် (၁၃) လုံးမြောက် ပရီမီယာလိဂ်ဖလားလည်း ဖြစ်သည်။ မန်ယူ၏ အဓိကပြိုင်ဘက် မန်စီးတီးက စပါးအသင်းကို ရှုံးနိမ့်ပြီး ရမှတ် ၆၈ မှတ် တွင် ရပ်တည်လျက်ရှိသည်၊ မန်ယူက ယင်းပွဲအပြီး ၈၄ မှတ်ရရှိထားသည်၊ ကစားရန် လေးပွဲသာကျန်တော့သည်။

ဆွာရက်ဇ်က အီဗန်နိုဗစ်ကိုကိုက်

လီဗာပူးတိုက်စစ်မှူးဆွာရက်ဇ်အား ချယ်လ်ဆီးနောက်တန်းလူ ဘရန် နစ်စလော့အီဗန်နိုဗစ်ကို ကုန်းကိုက်မှုဖြင့် ၎င်းကလပ်က ဒဏ်ရိုက်ခဲ့သည်။ သို့သော်လည်း ဆွာရက်ဇ်က အနာဂတ်တွင် လီဗာပူး၌ ဆက်လက်ကစားမည်ဟု ဆိုသည်၊ အသက် ၂၆နှစ်ရှိ ဆွာရက်ဇ်သည် ချယ်လ်ဆီးနှင့်တစ်ဖက်နှစ်ဂိုးစီ သရေကျသည့်ပွဲတွင် အီဗန်နိုဗစ်၏ လက်ကိုကိုက်ခဲ့ခြင်းဖြစ်သည်၊ ယင်း ကိစ္စသည် ကစားသမားတစ်ဦးအနေဖြင့် ဖြစ်လေ့ဖြစ်ထရှိသော ကိစ္စဖြစ်၍ ပြဿနာမရှိကြောင်း လီဗာပူးဒါရိုက်တာလန်အိုင်က ပြောသည်၊

ရာဖေးလ်နာဒယ်၏ရှုံးပွဲမရှိစံချိန် ဂျိုကိုဗစ်က အဆုံးသတ်ပေးခဲ့ပြီ

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ဂျိုကိုဗစ်က မွန်တီကာလိုဖလား တင်းနစ်ပြိုင်ပွဲတွင် (၈)ကြိမ်မြောက် ချန်ပီယံရာဖေးလ်နာဒယ်ကို အနိုင်ယူပြီး ဖလားရရှိသွားသည်။ ဆားဘီးယားတင်းနစ်ကစားသမားဂျိုကိုဗစ်က ရာဖေးလ် နာဒယ်၏ မွန်တီကာလိုဖလားပြိုင်ပွဲတွင် ၄၇ ပွဲ မြောက်ရှုံးပွဲမရှိစံချိန်ထင် ထားခြင်းကိုလည်း အဆုံးသတ်ပေးလိုက်သည်။ ယင်းပြိုင်ပွဲတွင် ဂျိုကိုဗစ်က ၆-၂၊ ၇-၆၊ (၇-၁)ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်၊ ဂျိုကိုဗစ်သည် အစောပိုင်း ပြိုင်ပွဲများတွင် ရုန်းကန်ကြိုးစားခဲ့ရသော်လည်း ဗိုလ်လုပွဲတွင် ရာဖေးလ် နာဒယ်၏ ရှုံးပွဲမရှိစံချိန်ကို အဆုံးသတ်ပေးနိုင်ခဲ့သည်၊

ကောင်းမြတ်သူ

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ❖ ချယ်လ်ဆီးတိုက်စစ်မှူး တောရက်စ်က ယူရိုပါလိဂ်အကြို ဗိုလ်လုပွဲ၌ မိမိဂိုးရအောင် သွင်းယူမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- ❖ အေစီမီလန်အသင်း လာမည့်ဘောလုံးရာသီ၌ အောင်မြင်မှုရရှိရန် မိမိအစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း တိုက်စစ်မှူး ဘာလော့ တယ်လီက ပြောကြားသည်။
- ❖ ဘာစီလိုနာအသင်းသည် လာမည့်နွေရာသီ၌ တိုက်စစ်မှူးတစ်ဦး အား ဖြည့်ရန်ခေါ်ယူမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ပြောကြားသည်။
- ❖ မန်ယူနည်းပြ ဖာဂူဆန်က မိမိအသက်အရွယ်အရ အနားယူသင့် ပြီဟု ထင်မြင်မိနေကြောင်း ထုတ်ဖော်ပြောကြားသည်။
- ❖ စပိန်အသင်းသည် ကမ္ဘာ့ဖလားကိုရယူနိုင်သော ခြေစွမ်းရှိကြောင်း နည်းပြဒွဲဒီရီလာက ပြောကြားသည်။
- ❖ လာမည့်ဘောလုံးရာသီတွင် ဂျူဗင်တပ်စ်အသင်းအတွက် တိုက်စစ် မှူးတစ်ဦး၊ ကွင်းလယ်ကစားသမား နှစ်ဦးတို့ကို ခေါ်ယူသွားမည် ဖြစ်ကြောင်း ပြောကြားသည်။
- ❖ ဒေးဗစ်ဘက်ခမ်းက ပီအက်စ်ဂျီအသင်းတွင် စာချုပ်သစ်ထပ်မံချုပ် ဆိုကစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။
- ❖ ဂါရက်ဘေးလ်အား ခေါ်ယူလိုပါက ပြောင်းရွှေ့ကြေးပေါင် သန်း ၁၀၀ ပေးရမည်ဖြစ်ကြောင်း စပါးအသင်းတာဝန်ရှိသူများက ပြော ကြားသည်။
- ❖ ကိုင်လန်မြူးနစ်တိုက်စစ်မှူး မန်ဇူကစ်က လာမည့်နှစ်၌ အသင်း ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားသည်။
- ❖ ဂါလာတာဆာရေးအသင်းတွင် မိမိကစားသမားဘဝကို အဆုံးသတ် မည်မဟုတ်ကြောင်း ထိုက်စစ်မှူးဒရော့ဘာက ပြောကြားသည်။

ဟင်္သာတမြို့ အမက(၁) ယခင်ဘုရားကြီးကျောင်း အာစရိယပူဇော်ပွဲ

တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၅-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဓမ္မဇိမာန်ဘုရားကြီးကျောင်းတိုက်၌ ကျင်းမပြုလုပ်မည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ ကျောင်းသား ကျောင်းသူဟောင်းများ (မပုက်မကွက်) တက်ရောက်၍ ပူဇော်ကန်တော့ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်လှုံ့ဆော်ရန် -

ဦးလှိုင်စိုး ဖုန်း-၀၉-၈၅၅၅၉၃၊ ဦးကျော်မျိုးမင်း ဖုန်း-၀၉-၅၁၀၀၅၃၄၊

ဒေါက်တာ ရွှေရွှေမော် ဖုန်း-၀၉-၈၅၆၈၇၄၇၊ ဦးအောင်မိုး ဖုန်း-၀၉-၈၅၈၀၁၇၀

ရွှေကြေးစည် - ကျိုက်ထီးရိုး / ချောင်းသာ

▲ ...(၅)ရက်

▲ ...(၅)ရက်

▲ ...(၅)ရက်

▲ ...(၃)ရက် May 23

...240860/372290 ... 09-49282825

တပ(၁) နှစ်(၄၀)ပြည့် ဆရာကန်တော့ပွဲ

ဆရာတပည့် နှစ်စဉ် Golf ပွဲ၊ ဆရာကန်တော့ပွဲနှင့် ညစာစားပွဲကို (၁၄)ကြိမ်မြောက် ပြုလုပ်မည်ဖြစ်၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

Golf သီးရိုက်ပြိုင်ပွဲ

နေ့ရက်/အချိန် - ၄-၅-၂၀၁၃ ရက် (စနေနေ့) နံနက် ၅:၃၀ နာရီ

နေရာ - တပ်မတော် Golf ကွင်း(မင်္ဂလာဒုံ)

ဆရာကန်တော့ပွဲ

နေ့ရက်/အချိန် - ၅-၅-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ

နေရာ - ဘိုးသွားရိပ်သာ၊ သီရိရတနာခန်းမ (ကမ္ဘာအေးဘုရားလမ်း)

ညစာစားပွဲ

နေ့ရက်/အချိန် - ၅-၅-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီ

နေရာ - ရွှေတောင်တန်း Hotel၊ သီရိမင်္ဂလာလမ်း(အင်းစိန်)

တပ(၁)စီစဉ်သူများအဖွဲ့

၂၀-၄-၂၀၁၃ မြန်မာ့အလင်းသတင်းစာ စာ-၁၄ ပါ ရွှေနေ ဇလွန်ဦးလှဖေ၏ ကန့်ကွက်နိုင်ပါကြောင်း ဖော်ပြချက်အား အောက်ပါအတိုင်း ကန့်ကွက်ပါသည်

ကျွန်မ ဒေါ်လှဲ့လှဲ့လွင်သည် ဗိုလ်မှူးချုပ်စိန်လွင်(နိုင်ငံတော်သမ္မတ၊ ငြိမ်း၊ ကွယ်လွန်) နှင့် ဒေါ်ကျေးစိန်(ကွယ်လွန်)တို့၏ တစ်ဦးတည်းသော သမီးဖြစ်ပါသည်။ ပထမအိမ်ထောင်နှင့်ရသော သမီးဖြစ်ပါသည်။ ဒေါ်တင်တင်လှိုင်(ကွယ်လွန်)သည် တစ်ဦးတည်းသော တရားဝင်ဇနီးဟု ဖော်ပြ ထားသည်မှာ မှားယွင်းနေပါသည်။ တတိယဇနီး (နောက်အိမ်ထောင်)သာ ဖြစ်ပါသည်။ ဖော်ပြထားသော ဘားအံ...၊ ကော့ကရိတ်မြို့နယ် ကွင်းအမည်(လှိုင်ကွယ်အင်း)၊ ကွင်းအမှတ် ၁၁၄၊ ဧရိယာ ၁၄၅ ဒသမ ၉၇၊ အလယ်ရွာ၌ ကြက်ပေါင်စေးစိုက်ပျိုးသည့် မြေကွက်နှင့် ခံစားခွင့်အရပ်ရပ်တို့သည် ပထမ အိမ်ထောင်မှမွေးသော ဒေါ်လှဲ့လှဲ့လွင်လည်း အကျိုးခံစားခွင့်ရှိပါသည်။ ကျွန်မ ဒေါ်လှဲ့လှဲ့လွင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ အရောင်းအဝယ်မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်လှဲ့လှဲ့လွင်

၁၂/ဗဟတ(နိုင်)၀၀၃၇၉၅

တိုက်အမှတ် (၃၈)၊ သုံးလွှာ၊

၁၆၄ လမ်း၊ တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ်

ညှိနှိုင်းဈေးဖြင့်အမြန်ရောင်းမည်

ခ်ာထိုင်စုံများ Dynamo 25 KW

စက်မှုဇုန်ထုတ် Town Ace Pickup Mole

အစုံလိုက် (88 model နှင့် 2000 model)

ဖုန်း-၀၁-၇၀၉၈၅၂၁

၀၉-၇၃၀၀၉၃၂၅

တိုက်ခန်းဝယ်လိုသည်

ရန်ကုန်မြို့တွင်းရှိ တိုက်ခန်းဝယ်လိုသည်။

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

09448005530

မေတ္တာညွန့် စက်မှုရတနာလမ်းမကြီး ပေါ်တွင် ၂၅' x ၁၀၀' မြေအမြန်ရောင်းမည်။ ဖုန်း ၇၃၂၁၀၈၆၆

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်ထွန်းအောင် ၁၂/ဗဟတ(နိုင်)၀၂၀၄၂၁ ကိုင်ဆောင်သည့် Passport No.906090 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါ။

ဖုန်း-၀၉-၄၉၂၂၃၇၀

အခန်းကျယ်ရောင်းမည်

ကိုယ်ပိုင်နေရန်အထူးအဆင့်မြင့်ပြီးအရေးတကြီးလျှော့ဈေးကောင်းရမည်

(17'x60') ... A/C (1) ... Pressur Pump ...

ကျပ်သိန်း (395) (မွဲစားမလို) Ph:09-5053076

ပြည်တွင်းသတင်း

မြန်မာ့ဆေးဖက်ဝင် သရက်

မြန်မာနိုင်ငံတွင် တစ်နှစ်တာကာလပတ်လုံး သရက်သီးများ ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ အရည်အသွေးမီသရက်သီးများ ထုတ်လုပ်နိုင်ရေးအတွက် FAO က ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ သရက်သီးကျွမ်းကျင်သူများအသင်း၊ မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့ရောင်းချမှုများအသင်း (MFVA) နှင့် မြန်မာနိုင်ငံစိုက်ပျိုးရေးလုပ်ငန်းတို့ကလည်း ပူးပေါင်း၍ တစ်နှစ်ပတ်လုံး သရက်သီးထုတ်လုပ်နိုင်ရန် စီစဉ်နေကြောင်းကို အသိမိတ်ဆွေတစ်ဦးထံမှ သိရသည်။

မိုးတွင်းကာလ ရောက်စပြုချိန်တွင် စိမ်းလန်းနေသော သရက်ဖူးအညွန့်တို့ ဝေဝေဆာအောင် ဖူးပွင့်ကြသည်။ အပွင့်မှ အဖူးကလေးများအဆင့်သို့ ကူးပြောင်းလာပြီးနောက် စိမ်စိမ်းနုနုသရက်သီးကလေးများကို ငရုတ်ရည်ချက်တို့ဖြင့် စားသုံးကြပြန်သည်။ ထိုသို့ သရက်သီးကို စားသုံးကြရာတွင် အသားကိုစားပြီး အစေ့များကို စွန့်ပစ်တတ်ကြသည်။ သရက်သီးသည် ချိုမြိန်သောအရသာရှိ၍ ခွန်အားကို တိုးပွားစေသကဲ့သို့ သရက်အစေ့သည်လည်း မြန်မာ့တိုင်းရင်းဆေးအလိုအရ ဆေးဖက်ဝင်ကြောင်း မှတ်သားရသည်။

သရက်စေ့ဆန်သည် ဖန်သောအရသာရှိပြီး အခေါက်၊ အရွက်၊ အပွင့်နှင့် အစေ့ဆန်တို့သည် သလိပ်သည်းခြေကို ငြိမ်းစေတတ်၏။ အသီးမှည့်သည် လေသည်းခြေကို ငြိမ်းစေတတ်၏။ အသီးစိမ်းသည် ဒေါသသုံးပါးကို ပြုတတ်၏။

အသီးမှည့်သည် စေးချွဲခြင်း၊ အောက်သို့သက်စေခြင်း၊ ဝမ်းမီးကို ရှင်စေတတ်သော သတ္တိရှိသဖြင့် ဝမ်းချုပ်ရောဂါ ကောဋ္ဌာသများကို ခြောက်သွေ့ခြင်းမှ ပျောက်ကင်းစေသည်။ အရွက်သည် ပျို့အန်ခြင်းကို နှိမ်နင်းတတ်သော သတ္တိရှိသဖြင့် အရွက်သတ္တုရည်ကို သောက်ခြင်းဖြင့် အန်သောရောဂါမှ သက်သာပျောက်ကင်းစေသည်။

ထို့ပြင် အပွင့်အခေါက်၊ အစေ့ဆန်တို့သည် ချုပ်စေတတ်သော သတ္တိရှိ၏။ ထို့ကြောင့် ဝမ်းသက်ရောဂါ၊ ပိတ်ဝမ်းရောဂါတို့ဖြစ်ပေါ်လျှင် ပြုတ်၍သော်လည်းကောင်း၊ သွေး၍သော်လည်းကောင်း ဉာဏ်ရှိသလို မှီဝဲလျှင် သက်သာပျောက်ကင်းစေသည်။

ထို့ပြင် အသီးမှည့်ကို အမြဲစားသုံးခြင်းဖြင့် သက်အားနည်း ရောဂါကို သက်သာပျောက်ကင်းစေသည်။ သားအိမ်ရောင်ခြင်း၊ မီးယပ်နီရောဂါ၊ မီးယပ်ဖြူရောဂါတို့ ခံစားရလျှင် အခေါက်နှင့် အစေ့ဆန်ကို သွေးသောက်ခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။

ထို့ပြင် ဆီးဆောင်ကြောအင်္ဂါစုများတွင် အစေ့ဆန်သည် ဆီးကိုချုပ်စေတတ်သော သတ္တိရှိသဖြင့် ဒုလာရောဂါကိုလည်း သက်သာပျောက်ကင်းစေသည်။ အရွက်သတ္တုရည်ကို သောက်သုံးခြင်းဖြင့် ဆီးရောဂါခံစားနေရသော ဝေဒနာရှင်တို့အတွက် သက်သာပျောက်ကင်းစေသည်။ အခေါက်အပွင့်၊ အရွက်၊ အစေ့ဆန်တို့သည် သွေးကိုပိတ်ဆို့တတ်၊ အသားနက် တက်စေတတ်သော သတ္တိရှိခြင်းကြောင့် သွေးယိုစီးသောရောဂါ၊ တခိုက်ဒဏ်ရာရခြင်းတို့ကိုပျောက်ကင်းစေသည်။ အပုရှပ်ရောဂါ၊ အပုရောဂါတို့ဖြစ်ပေါ်လျှင် သရက်သီးစိမ်းမီးဖုတ်ကို စားသုံးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။

မဟာပထဝီမြေတပေါ်၌ ပေါက်ရောက်နေသော သီးပင်စားပင်မန်သမျှ သူ့နေရာနှင့်သူ အသုံးဝင်သကဲ့သို့ သရက်ပင်သည်လည်း အလွန်အဖိုးတန်သော ဂုဏ်သတ္တိများရှိကြောင်းကို စေတနာကောင်းဖြင့် တင်ပြလိုက်ပါသည်။ **သန်းစိုးထွန်း(အပြောင်)**

ပုသိမ်၌ ကလေးတရားပွဲကျင်းပ

ပုသိမ် ဧပြီ ၂၃

ပုသိမ်မြို့ မွေ့ရေစင်အဖွဲ့၏ အဌမအကြိမ်မြောက် နွေရာသီကလေးသူငယ်များ ဝိပဿနာရှုမှတ်နည်း အထူးတရားပွဲကို ဧပြီ ၁၉ ရက်မှ ၂၁ ရက်အထိ ပခုး ၁၀ မိုင်ကုန်း မွေ့ခူတတောရသာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော် ဒေါက်တာ ပညိဿရာဘိဝံသက တောပြောပြသပေးခဲ့ရာ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါကလေးသူငယ် ဝိပဿနာ တရားရှုမှတ်နည်း အထူးတရားပွဲသို့ တက်ရောက်ကြသော ကျောင်းသား ကျောင်းသူတို့အား မြောင်းမြ ပရိယတ္တိစာသင်တိုက် ပဓာနာယက ဆရာတော်ဘဒ္ဒန္တဝဏ္ဏိတာ ဘိဝံသက နံနက်၊ နေ့လယ် ထမင်း၊ ဟင်း၊ မုန့်ပဲသရေစာများ ကျွေးမွေးလှူဒါန်းတော်မူကြောင်း သိရသည်။

ပုသိမ်လှကြည်

ထေရဝါဒဗုဒ္ဓစာပေ ကိုးနှစ်ပြည့် တရားပူဇော်ပွဲ

ညောင်လေးပင် ဧပြီ ၂၃

တေရဝါဒဗုဒ္ဓစာပေ (အခမဲ့အငှားဆိုင်) (၉)နှစ်ပြည့် အထိမ်းအမှတ်တရားပူဇော်ပွဲကို ဧပြီ ၁၇ရက်မှ ၁၉ ရက်တိ သုံးရက်တိုင်တိုင် ည ၈ နာရီ၌ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အာဇာနည်လမ်းရှိ သိရိရတနာခန်းမ၌ ကျင်းပခဲ့သည်။ မဒေါက်မြို့ ပန်းငွေရုံတောရ ဆရာတော် အရှင်ဘဒ္ဒန္တသုမနာဘိဝံသ၊ ဝိဝေကတောရ သဒ္ဓမ္မရံသီရိပ်သာ ဆရာတော် အရှင်ဇနိန္ဒနှင့် ဆရာတော်အရှင်ဝိလာသဂ္ဂ (သစ္စာရွှေပြည်ရိပ်သာ)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သယ်န်းကျွန်းကြီးကျေးရွာ၌ တည်ဆောက်ဆဲဖြစ်သော ဓာတ်မြိုင်သစ္စာရွှေပြည်ရိပ်သာကျောင်းအတွက် ညောင်လေးပင်မြို့မှ လစဉ်ပစ္စည်းလေးပါးလှူဒါန်းသော အလှူရှင်များကလည်း ရေစက်သွန်းချအမျှပေးဝေကာ ဆုတောင်းမေတ္တာပို့သခဲ့ကြကြောင်း သိရှိရသည်။ **နေလင်း**

မီးဘေးကာကွယ်ရေး သီပေါ၌ သရုပ်ပြလေ့ကျင့်

သီပေါ ဧပြီ ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီက မြို့မစည်ပင်သာယာရေးဈေးကြီးရှေ့၌ မြို့နယ်မီးဘေးတားဆီးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းနှင့် မြို့မိမြို့ဖများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

သရုပ်ပြလေ့ကျင့်

အစီအစဉ်အရ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မဈေးမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ကြသည်။ **(ဝဲပုံ)**

မီးဘေးသရုပ်ပြလေ့ကျင့်မှုများနှင့် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ ငြိမ်းသတ်ခြင်းများကို မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

ကျောက်ဂူတောရကျောင်း တရားစခန်းဖွင့်

နောင်ချို ဧပြီ ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ မြောက်ဘက်ရှိ ကျောက်ဂူတောရကျောင်းဆရာတော် မတာ သဒ္ဒမ္မဇောတိက ဘဒ္ဒန္တ သူရိယ၏ ဩဝါဒကိုခံယူ၍ ကျေးဇူးတော် ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒနည်းခံ (၂၅)ကြိမ်မြောက် ငွေရထု မဟာသတိပဋ္ဌာန်ဝိပဿ ၁၅ ရက် တရားစခန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၁ ရက် မွန်းလွဲ ၂ နာရီက ကျောက်ဂူတောရကျောင်းတိုက်၌ ကျင်းပသည်။

ယခင်နှစ်များက တရားစခန်းကျင်းပချိန် ရေအခက်အခဲများဖြစ်ခဲ့ရာ ဈေးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေဦးသာ၊ စေတနာမွန်လူမှုကူညီရေး အသင်းမှ ဦးပြုံး(ဈေးရပ်ကွက်)၊ ဦးလင်းကြည်တို့က ရေကန်ရေစစ်ကန်ရေပိုက် သွယ်တန်းရေးလုပ်ငန်းကုန်ကျငွေများ မတည်လှူဒါန်းတည်ဆောက်မှုကြောင့်ရေ အခက်အခဲမရှိတော့ပေ။

အဆိုပါ ၁၅ ရက် တရားစခန်းသို့ ရဟန်း၊ သံဃာ၊ သီလရှင်၊ ယောဂီ စုစုပေါင်း ၁၄၂ ဦးတို့ ဝင်ရောက်ကြသည်။ ဒေသခံအလှူရှင်များက နေ့ဆွမ်း၊ အရုဏ်ဆွမ်း၊ လျှပ်စစ်မီး၊ ဖျော်ရည်၊ သောက်ရေသန့်အပါအဝင် လှူဖွယ်ပစ္စည်းများ လာရောက်လှူဒါန်းကြကြောင်း သိရသည်။ **(ဝဇိ၁)**

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၁)ဝိုင်းကျောင်းတိုက်၊ ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာမွေ့ရိပ်သာတွင် ၁၇-၅-၂၀၁၃ရက်မှ ၂၇-၅-၂၀၁၃ရက်အထိ ၁၀ရက် တရားစခန်းပွဲနှင့် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်း၌ရှိသော ပခုက္ကူမွေ့ရုံကြီးတွင် ၂၈-၄-၂၀၁၃ရက်မှ ၄-၅-၂၀၁၃ရက်အထိ ခုနစ်ရက်တရားစခန်းတို့ကို ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ (ပဋ္ဌာနတစ်ပုံအောင်)ဒီဃနိကာယမွေ့စရိယ၊ သာသနဓဇသိရိပဝရမွေ့စရိယ၊ ဒီဃနိကာယကောဝိဒ၊ မွေ့ကထိကဗဟုဇနဟိတဓရ အရှင်သူမြတ်မှ ဟောကြားပို့ချမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းစသော အာဟာရတို့ကို ဆက်ကပ်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြပါသည်။

ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့
ဖုန်း-၅၇၁၂၅၈၊ ၀၉-၄၂၁၁၇၇၂၃၁
ပခုက္ကူမွေ့ရုံအကျိုးဆောင်အဖွဲ့
ဖုန်း-၃၈၃၅၁၁၊ လိုင်းခွဲ ၂၅၁

စက်မှုအင်ဂျင်နီယာများအား ဖိတ်ကြားအပ်ပါသည်

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ Mechanical Chapter မှ ကြီးမှူးကျင်းပသော Professional Engineer (Mechanical)အကြောင်း သိကောင်းစရာများ ဟောပြောပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ Mechanical Engineer များ တက်ရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

နေရာ	-	MES Function Hall
ရက်စွဲ	-	၂၇-၄-၂၀၁၃ရက် (စနေနေ့)
အချိန်	-	၉း၀၀ နာရီမှ ၁၁း၀၀ နာရီ
ဟောပြောမည့်ပုဂ္ဂိုလ်များ	-	အပိုင်း(၁) ဆရာဦးလင်း၊ အပိုင်း(၂) ဆရာဦးထွန်းရွှေ၊ အပိုင်း(၃) ဦးဝင်းခိုင်၊ အပိုင်း(၄) ဦးမျိုးသွင်

MES Mechanical Chapter

သန်းဌေးနှင့်ရောင်းရင်းများမှ နှစ်သစ်ခရီးစဉ်များ

APR-26, MAY 3/10/17/23/31

ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)

▲ ပုဂံ-ပုပ္ပား (ဇွဲကပင်) (၄) ရက်။
▲ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ (အလောင်းတော်) (၅) ရက်။
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်းစမ်း (၅) ရက်။ (အားလုံးပါ (၁၀) ရက်)။
▲ မော်လမြိုင်၊ ကျိုက္ခမီ၊ ထားဝယ်ရှင်ကိုးရှင် (၆) ရက်။
▲ မော်လမြိုင်၊ ကျိုက္ခမီ ကဆုန်ညောင်ရေသွန်းပွဲ (၂၃-၅-၂၀၁၃) ထွက်မည်။
▲ ဇလွန်၊ နေပြည်တော်၊ (ပြည်အကောက်တောင်)၊ နဂါးရစ်ဆရာတော် (စနေ၊ တနင်္ဂနွေ)

ပင်ရင်း - အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း။ Ph : 241863, 380141, 09-43043109

ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ်၊ ဖွားစောကျေးရွာ၊ ကွင်းအမှတ်-၁၅၆၃၊ ကွင်းအမည်-မိုးနတ်၊ ဦးပိုင်အမှတ်-၂၅၊ ဧရိယာ စုစုပေါင်း ၁၀ ဧကရှိ လယ်ယာမြေဟု ခေါ်တွင်သောမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးညွန့်လှိုင် ၉/ညဥန(နိုင်)၀၂၀၅၀၀က စလစ်အမည်ပေါက်ပိုင်ဆိုင်ထားသော ပစ္စည်းဖြစ်ပြီး အပေါင်အနှံ အရှုပ်အရှင်းကင်းလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင်	ဒေါ်ခင်မာနွယ်	ဒေါ်ဌေးဌေးဝင်း
(LL.B)	(LL.B, D.B.L)	(LL.B, D.I.L)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေများ	

အမှတ်-၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ခေါ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးသိန်းထွန်း-ဒေါ်မိမိခင်တို့၏သားငယ်
ဒေါက်တာနေမျိုးအောင်
M.B.,B.S (UM-1), Dip in Health Care (UK) နှင့်
ရန်ကုန်မြို့နေ ဦးတင်ဝင်း-ဒေါ်ညွန့်ညွန့်ရွှေတို့၏ သမီး
မမီမီအောင်
B.A (Eng), DBA(UK), DIT, Dip in Eng: (SEAMEO)
တို့သည် ၁၉-၄-၂၀၁၃ရက်တွင် Western Park Royal ၌ နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် ဒေါက်တာနေမျိုးအောင်-မမီမီအောင်

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ မဟောသဓာလမ်း၊ အမှတ် ၂၇၉ နေ ဒေါ်တင်တင်အောင် ၁၂/ဥကတ(နိုင်)၀၈၈၀၃၈၏ သားဖြစ်သူ မောင်နောင်နောင်တူး ၁၂/ဥကမ(နိုင်)၂၁၂၄၃၃သည် မိခင် ဒေါ်တင်တင်အောင်၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်နေသည့် သားတစ်ဦးဖြစ်ပါသည်။ နောက်နောင် မောင်နောင်နောင်တူးနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့သည် မိခင် ဒေါ်တင်တင်အောင်နှင့် သက်ဆိုင်မှုမရှိသည်အတွက် သားဖြစ်သူ၏ ပြုလုပ်ဆောင်ရွက်မှုများအပေါ် လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်တင်တင်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးရွှေသိန်းမြင့် (စဉ-၁၈၄၉၆)
အထက်တန်းရှေ့နေ
အမှတ် ၁၀၇၊ ပထမထပ်(ယာ)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၈၈၇၀၃

ကြော်ငြာ

Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold

Tah Lee Gold

စိန်ရွှေရတနာဆိုင်

ကျွန်ုပ်ဆိုင်မှ ၁၅ပဲရည်၊ ၁၆ပဲရည် ရွှေထည်ပစ္စည်းများ အရောင်မကျစေရ မဖြူစေရ၊ မနီစေရ လုံးဝလုံးဝအာမခံပါသည်။

ကျွန်ုပ်ဆိုင်မှဝယ်သော စိန်ထည်များကို နားလည်တတ်ကျွမ်းသူမှကြည့်၍ ဈေးမတန်ဟုဆိုက စယ်သည့်နေ့မှ (၃)ရက်အတွင်း ပြန်လာပေးနိုင်ပါသည်။ ဝယ်သည့်တန်ဖိုးတစ်ပြားမှ မနုတ်ဘဲပြန်ပေးပါမည်။

ကျွန်ုပ်ဆိုင်မှဝယ်သော စိန်ထည်များကို ပြန်ရောင်းလျှင် ကာလတန်ဖိုး၏၉၀% လဲလျှင်ကာလတန်ဖိုး၏၉၅% ပြန်ပေးပါသည်။ (အလျော့တွက်မနုတ်ပါ)

စိန်ထည်ရွှေထည်များကိုပန်းထိမ်ကြေးဖြင့် ဖောက်သည်ပေးပါသည်။

● အမှတ်(၇၅)၊ လည်းတန်းလမ်းမ၊ လည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၈၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ ဒေါက်တာဦးငွေးကြွယ်(အရိုး၊ အကြော၊ အဆစ်၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး)-ချစ်မေမေ ဒေါ်တင်ယုထွေး(ထူးထူး) (အထက်ထန်းပြ၊ အထက-၂၀၊ မန္တလေးမြို့)တို့၏ ၂၄-၄-၂၀၁၃ ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည့် နောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုနှင့်အတူ ကိုယ်၊ စိတ်၊ နှလုံးကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်ချမ်းမြေ့သာယာသော မိသားစုဘဝကို ပိုင်ဆိုင်၍ လောကီ၊ လောကုတ္တရာအကျိုး ဆထက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး - သော်သူရိန်ငွေး
A.G.T.I(E.C)B.Sc(Maths)
BARMAHITA Co., Ltd.
Techvilla Mobile Sale & Service
- မဖြိုးဒါလီသက်တင်
B.A(Myanmar)၊ ကမ္ဘောဇဘဏ်လီမိတက်၊ မန္တလေးဘဏ်ခွဲ(၃)
ချစ်သားငယ် - ကျော်ဝေယံငွေး
4th Year (မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း)
- 'တင်'မောင်နှမတစ်စု၊ ရန်ကုန်မြို့

ကျောင်းသား/သူများ စိတ်ခတ်၊ စည်းကမ်း၊ ပညာ ထူးချွန်ကောင်းမွန်ရန် မိဘ၊ အုပ်ထိန်းသူများ အစဉ်ယုံကြည်အားထားရာဖြစ်သော

ဆရာ ဒေါက်တာ ဉာဏ်လင်း Ph.D.,M.Sc.,P.G.D.,Adv.Dip. Teaching (London)

(ယခင် - ဆရာဦးဉာဏ်လင်း အင်္ဂလိပ်စာ-ရွှေဘုံသာလမ်း)

"ကိုယ်ပိုင် ပညာသင်ကျောင်း၊ အဆင့်မြင့်စာသင်ဝိုင်း နှင့် ဘော်ဒါ"

ဓနရာသီ အင်္ဂလိပ်စာ (မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ) (ယခုနှစ်အတွက်နောက်ဆုံးအသုတ်)

(သဒ္ဒါ၊ ဖတ်စာအုပ်၊ စာစီစာကုံး၊ ပေးစာပြန်စာ၊ ရေး၊ ဖတ်၊ ပြော၊ နားထောင်) (၃၀ ရက်၊ ဧပြီလ ၂၀၁၃ ခုနှစ်စတင်မည်။)

နှစ်လုံးပေါက် ဘာသာစုံ
(ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ)
Study Guide အပါအဝင်
၃၀ ရက်၊ ဧပြီလ၊ ၂၀၁၃ စတင်မည်။

၃၇၆၊ ကမ်းနားလမ်းနှင့် ၂၁-လမ်းထောင့်၊ လသာ၊ ရန်ကုန်မြို့။ ခုံအရေအတွက် သတ်မှတ်ထား၍ အမြန်စာရင်းသွင်းပါ။

ဖုန်း – ၀၉ –၇၃၀ ၃၉၀၅၀၊ ၀၉ –၄၃၁ ၂၉၉၀၀၊ ၀၁– ၂၃၀၁၀၉၅ ကျောင်းကား၊ ဘော်ဒါဆောင်ရှိပါသည်။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်မှုဖြင့် Thousand Islands Business Group မှ ကျင်းပမည့်

YANGON LIFESTYLE FURNITURE FAIR

မုတ်သုံအကြိုပရိဘောဂပြပွဲ

တပ်မတော်ခန်းမ

SINMA FINE COLLECTION

Main Sponsor

၂၆-၄-၂၀၁၃ မှ ၂၉-၄-၂၀၁၃
နံနက်(၉)နာရီမှ ညနေ(၆)နာရီ

ပြခန်းတွင်ပြသထားသောပစ္စည်းများအား အထူးလျှော့ဈေးဖြင့် ရောင်းချပည့်အပြင် ကျပ် (၅) သိန်းဖိုးနှင့်အထက် ဝယ်ယူသူများအား ပရိဘောဂပစ္စည်းများ ကံစမ်းမဲဖောက်ပေးမည့်အစီအစဉ်ပါရှိပါသည်။

LCCI-EDI (UK) မှ ချီးမြှင့်သော ထူးချွန်သင်တန်းကျောင်းဆုရ

စီးပွားပန်းခင်း
ပညာရေးဝန်ဆောင်မှုလုပ်ငန်း

LCCI စာရင်းကိုင်သင်တန်း Level 1-2-3

AutoCount & MYOB Computerised Accounting

May တန်းခွဲလက်ခံပြီ(၁၅.၅.၂၀၁၃)အတွင်းအပ်နှံသူများ 10 % Disscount ရမည်။

သင်တန်းကြေး (50000/-Ks) (၃) ကြိမ်ခွဲသွင်းနိုင်သည်

မြို့ထဲ =(၃၀၃) (၄လွှာ)၊(၄၂)လမ်းထိပ်၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်။
လှည်းတန်း=တိုက်(၂၃)၊ အခန်း (A-4)၊ လှည်းတန်းလမ်း၊ ကမာရွတ်၊ ရန်ကုန်။

09-5118647-73009869-73013432-73028433

MM မေတ္တာမွန် စားဖူးပါက နှစ်သက်ရမည့်

မျက်ကြည်လှ ဝ

အကြောဖြေဆေး

စားသုံးနိုင်သူများ

➤ မြေဆီမထွက်၊ ဖက်ကြောတက်၊ မျက်စိမှုန်ဝါးသူ၊
➤ ဝမ်းချုပ် ဆီးပူ၊ ရိုးရို လိပ်ထွက်၊ လဆက်ရာသီမှန်လိုသူ၊
➤ ဆံပင်ဖြူ/ ငါး၊ အတိုင်များ၊ ညောင်းအားပိုတတ်သူ၊
(အထိုင်များသော ရုံးဝန်ထမ်းများ၊ ဈေးသည်များ၊ ကားမောင်းသူများ)

မျက်ကြည်လှ ဝ တိုင်းရင်းဆေးထုတ်လုပ်ရေး Tel: 09 2031080, 09 6570957, 09 6805353.

KMD Since 1986
Quality Management System ISO 9001:2008 လက်မှတ်ရ

LCCI Computerised Accounting

➡ ယနေ့ E-Business ခေတ်တွင်ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၏ စာရင်းဇယားအချက်အလက်များကိုကွန်ပျူတာအသုံးပြု၍ ကျွမ်းကျင်တက်မြောက်စေရန် သင်ကြားပေးပါမည်။

➡ LCCI Level III(Group Diploma in Accounting) တက်ရောက်နေသူများ Computerised Accounting တစ်ဘာသာ ဖြေဆိုခြင်းဖြင့် Diploma in Computerised Accounting ဒီပလိုမာကိုပါ ထပ်မံရယူနိုင်သည်။

➡ 27-April-2013 (Sat & Sun) 1:00pm - 4:00pm

အမှတ် ၃၃၁၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။
ဖုန်း-၅၂၇၄၃၆ / ၅၃၄၁၇၀ / ၅၀၂၂၃၃။

☆ STYLE ☆
Design & Tailoring Training Centre
Dozo Fashion Technical School
ကျောင်းဆင်း Myanmar Young Designer ဆုရ
မမေလွင်ဇေယျာ
ကိုယ်တိုင်ခေတ်မီဂျပန်စင်တီမီတာနည်းဖြင့်စနစ်တကျ သင်ကြားပေးပါမည်၊ ညပိုင်းသင်တန်းရှိသည်။
သင်တန်းဖွင့်ရက် (11.5.2013)

သင်တန်းနေရာ-တိုက်(55)၊သီတာလမ်း၊ကျောက်မြောင်း၊ရန်ကုန်မြို့။
09 73037491, 09 5096251

'အရွယ်ရောက်သူတိုင်းအတွက်ယာဉ်မောင်းကျွမ်းကျင်မှုသင်တန်း'
Course in driving skills for all adults.
၂၀၁၃–ခု၊ အပါတ်စဉ်(၇) မေလ (၁) ရက်နေ့ဖွင့်မည်။

ကောင်းဝေ
KAUNG WAI
(ယာဉ်မောင်းစက်ပြင်ထိန်းသိမ်းသင်တန်း)

အမှတ်၇၃၊ သုဓမ္မာလမ်းမကြီး(၂)ရပ်ကွက်၊ (ဘုန်းကြီးလမ်းအနီး)၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၄၃၀၉၂၁၃၉၊ ၀၉-၄၃၁၃၉၀၆၅၊ ၀၉-၄၃၀၅၅၇၉၀၊
၀၉-၄၃၁၅၇၁၉၀၊ ၀၉-၅၁၄၀၁၀၃၊ ၀၉-၇၃၂၁၃၄၁၆
သင်တန်းခွဲ-အမှတ်-၁၀၀/၂၊ သံသုမာလမ်းမကြီး၊ ၁၄/၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၅၇၂၇၃၀၊ ၀၉-၄၃၁၉၂၁၃၇၊ ၀၉-၄၃၁၉၂၀၄၀
(နည်းပြဆရာ၊ ဆရာမများအား အိမ်ကားဖြင့် ခေါ်ယူသင်ကြားလိုပါက သီးခြားစီစဉ်ပေးပါမည်။)

သင်ဒါတွေ ဖြစ်နေပါသလား....?

ရက်ရှည်များ၊ CD4 ကျ၊ မကူ၊ ရေယုံပေါက်၊ အနာစက်ထွက်၊ အိပ်မပျော်၊ အစားပျက်/ ဝမ်းပျက်၊ TB ချောင်းဆိုး၊ ငှက်ဖျားနှင့် HIV ပိုး တွေ့နေလျှင် ရင်သား၊ သားအိမ်၊ အစာအိမ်ကင်ဆာ၊ သွေးကင်ဆာ၊ ပါးစပ်/လျှာကင်ဆာ၊ ဆီးကြိတ်ရောင်၊ ရေကျဉ်းစွဲ၊ အသဲရောဂါ၊ B+ ပိုး C+ ပိုးတွေ့ရှိနေလျှင်၊ ခရုသင်း၊ တင်းတိပ်၊ မဲ့ခြောက်၊ အဆီတိုး၊ အဝလွန်၊ ဆီးချို၊ သွေးတိုး၊ နှလုံးလေငန်းနှင့် ခိုမအားနည်းရောဂါဖြစ်နေလျှင်

ဂမ္ဘီရသုခဆေးတိုက်

☎ - 01-691492 - 09-5010196

မိဘအမည်မှန်

မောင်ခွန်းရည် စတုတ္ထတန်း အထက(ခွဲ) ရောကျေးရွာ၊ ဘိုကလေးမြို့နယ်၏ မိဘအမည်မှန်မှာ ဦးအောင်အောင်-ဒေါ်တင်တင်စန်း ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အကွက်အမှတ် ၈၂၊ အကွက်အမည် ဖောဓိကုန်း၊ ဦးပိုင်အမှတ် ၉၊ ဧရိယာ ၀ ဒသမ ၀၅၅ ဦးဝင်းစိန် အမည်ဖြင့် ဂရန်အမှတ်အမှတ် (၅၄/၂၀၀၁)ဖြင့် ပိုင်ဆိုင်ထားသော ဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/သမိုင်း၊ မြေကွက်အမှတ် ၂၄/က-B၊ မြေကွက်တည်နေရာ အမှတ်(၃)၊ ယိုးဒယားလမ်း၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးတင်အောင် အမည်ပေါက်မြေပိုင်မြေ လ/န (မြို့မြေ)မြေအား အမည်ပေါက် ဦးတင်အောင် ကွယ်လွန်သဖြင့် ဒေါ်ခင်လှ ၁၂/မရက(နိုင်)၀၆၂၇၀၄ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေး စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျောင်းလွှတ်ပူဇော-သိက္ခာထပ်-မဟာမင်္ဂလာ ရေစက်ချတရားတော်နာ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဗားကရာတိုက်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ **ဘဒ္ဒန္တကောဏ္ဍည** ဆရာတော်ကြီးကိုယ်တော်တိုင် အုတ်မြစ်စီပေးတော်မူခဲ့၍ ဘိုကုန်းဆရာတော်ဦးဆောင်မှုဖြင့် အလှူဒါယကာ ဒါယိကာမများ စုပေါင်းဆောက်လုပ်ပြီးစီးသွားသော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဘိုကုန်းရပ်ကွက်၊ ဟံသာဝတီ ကမ္ဘဋ္ဌာန်းဓမ္မရိပ်သာကျောင်းတိုက်အတွင်း၌ **အမတရေ** သုံးထပ်ဓမ္မာရုံကျောင်းသစ်ကြီးအား မြတ်စွာဘုရားသာသနာတော်မြတ်ကြီးအတွင်းသို့ စွန့်လွှတ်လှူဒါန်းပူဇော်ပြီးလျှင် မယ်တော်ကြီး ဒေါ်လှငွေမိသားစုတို့မှ အင်းစိန်မြို့နယ် ဘိုကုန်းရပ် **ဟံသာဝတီ ကမ္ဘဋ္ဌာန်းဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝဏ္ဏာစာရအား ပုန္နောပသမ္ပဒမင်္ဂလာ** အလှူဒါနပြုလုပ်ရာဝယ် အတူတကွ တရားတော်ကို နာယူလိုပါသောကြောင့် ဖိတ်စာရသည်ဖြစ်စေ ဖိတ်စာမရသည်ဖြစ်စေ ၂၈-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် သိမ်ဆင်းမည်ဖြစ်ပါ၍ အင်းစိန်မြို့နယ် ဘိုကုန်းရပ် ဟံသာဝတီကမ္ဘဋ္ဌာန်းဓမ္မရိပ်သာကျောင်းတိုက်သို့ ကြွရောက်တော်မူကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ဘိုကုန်းဆရာတော်နှင့်
ကျောင်းဒါယကာ-ဒါယိကာမများ

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
[ဦးကျော်မောင်၊ ဦးစီးအရာရှိ(ငြိမ်း)၊ သမဝါယမဦးစီးဌာန]-ဒေါ်စောရီတို့၏သားငယ်

မောင်ရဲမင်းကျော်

B.E (Civil), M.E (Thesis), YTU
Project Manager, Sing Yiet Civil Engineering Contractor Pte.,Ltd. Singapore

နှင့်

နေပြည်တော် ပုဗ္ဗသီရိမြို့နေ
ဦးအောင်ဇော်ဝင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သဇင်ဝင်း(အင်္ဂလိပ်စာဆရာမ)တို့၏သမီးဦး

မမေရတနာအောင်

B.A (English), UDE, B.S.S.(APU, Japan)
M.Sc. (Environmental Management, NUS, Singapore)
Executive, Bridgestone Asia Pacific Pte.,Ltd, Singapore

တို့သည် ၁၈-၄-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် နှစ်ဖက်မိဘများရှေ့မှောက်၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲမင်းကျော်-မမေရတနာအောင်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ မန္တလေးဘူတာကြီး နှင့် ပုဂံဘူတာတွင် သန့်ရှင်းရေး လုပ်ငန်းများကို လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါ သဖြင့် အိတ်ဖွင့် တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

တင်ဒါပိတ်မည့်နေ့/အချိန် -၁၄ .၅ .၂၀၁၃(အင်္ဂါနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၃.၄.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့မေးမြန်း နိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291994.

ကောင်းသန့်မှီဝေသည်
နှစ်ပတ်တစ်ကြိမ်၊ ကြာသပတေးနေ့တိုင်းထုတ်ဝေသည်
၂၀၁၃-ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့ထွက်မည်
THE PoliticS
နိုင်ငံရေးဂျာနယ်
No.7
ဂျာနယ်စစ်စစ် ဖတ်ချင်သူများအတွက်
■ တရားဥပဒေကိုစိန်ခေါ်နေသူဘယ်သူလဲ ■ မိတ္ထီလာအရေးအခင်း ဘာကြောင့်ဖြစ်တာလဲ
■ အာရပ်တမ္ဘာက ဒီမိုကရေစီ ■ ဒီမိုကရေစီရဖို့ ဒါတွေလိုတယ် ■ လူကြီးဖတ်ဖို့ပုံပြင်
■ လွှတ်တော်က Debate ဖြစ်စေချင်တယ်လို့ ဦးသိန်းညွန့်က ပြောပြီ

ကန့်ကွက်နိုင်ပါကြောင်း

